# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက်၊ ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာ ၂၁ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၂)၊ အမှတ်(၈၂)


**ကျောက်ပြားနမူနာများကြည့်ရှုစစ်ဆေး**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ညောင်ဦးမြို့ ကျောက်ကူး လျှပ်စစ်မြစ်ရေတင်စီမံကိန်း လုပ်ငန်းခွင်တွင် အသုံးပြုမည့် ဘိလပ်မြေနှင့် ပိုဇိုလန်ရောစပ်ထားသော ကျောက်ပြားနမူနာများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

**ဒေသတွင်းဆန်ဖူလုံရေးနှင့်လူနေမှုဘဝမြင့်မားတိုးတက်ရေး လျှပ်စစ်မြစ်ရေတင်စီမံကိန်းများ အကောင်အထည်ဖော်လျက်ရှိ**

**ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသစိမ်းလန်းစိုပြည်ရေး၊ ဒေသတွင်း ဆန်ဖူလုံရေး၊ ရေရှည်တွင် ဒေသခံပြည်သူများ၏ လူနေမှုဘဝမြင့်မားတိုးတက်ရေးတို့အတွက် ရည်မှန်းချက်ထားပြီး ဧရာဝတီမြစ်၌ လျှပ်စစ်မြစ်ရေတင်စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။**



# ဒေသခံပြည်သူများဝင်ငွေတိုးပွားရေးနှင့် ဒေသစိမ်းလန်းစိုပြည်ရေး မြစ်ရေတင်စီမံကိန်းများ ဖော်ဆောင်နေ
# မြစ်ရေတင်ရေသောက်ဧရိယာအားလုံး မိုးရာသီ၌စပါးတစ်သီး မပြတ်မနေစိုက်ပျိုး
# ကျန်ရာသီ၌ ဝါ၊ဆီထွက်သီးနှံစိုက်ခြင်းဖြင့် ဒေသတွင်းဆန်ဖူလုံရေးနှင့် ဝင်ငွေတိုးပွားရေးလက်တွေ့အကျိုးပြုစေမည်

**ရန်ကုန်  ဒီဇင်ဘာ  ၂၀**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ကာကွယ်ရေးဦးစီးချုပ် (ရေ)ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ဒီဇင်ဘာ ၁၈ ရက် ညနေ၃နာရီတွင် မန္တလေးတိုင်း ညောင်ဦးမြို့နယ်ရှိ ပုဂံ–ညောင်ဦးလေဆိပ်သို့ ရောက်ရှိသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ✡



**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ညောင်ဦးမြို့နယ်ရှိ လောကနန္ဒာ လျှပ်စစ်မြစ်ရေတင် စီမံကိန်းကို တွေ့ရစဉ်။** (သတင်းစဉ်)

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

21-12 (01).p65 1 3/24/05, 7:39 PM

မြန်မာ့အလင်း

# အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်)

## ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ထွန်းရေး မြန်မာအင်ဂျင်နီယာများ ဝိုင်းဝန်းကြိုးပမ်းစွမ်းဆောင်

နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ကျွမ်းကျင်ပိုင်နိုင်စွာ လုပ်ကိုင်နိုင်မည့် လူ့စွမ်းအားအရင်းအမြစ်များ မရှိမဖြစ်လိုအပ်သည်။ ထို့ကြောင့် နိုင်ငံတော်က နယ်မြေဒေသအလိုက် ဘာသာရပ်ဆိုင်ရာ တက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံကျောင်းများတိုးချဲ့ဖွင့်လှစ်ပြီး ပညာရှင်အမျိုးမျိုးကို မွေးထုတ်ပေးလျက်ရှိသည်။

ယင်းကဲ့သို့ မွေးထုတ်ပေးလိုက်သည့် ပညာရှင်များအနက် အင်ဂျင်နီယာ ပညာရှင်များ၏ ကြိုးစားအားထုတ်မှု စွမ်းပကားများကြောင့် နိုင်ငံတစ်ဝန်းတွင် ဆည်တမံလုပ်ငန်း ၁၆၈ခု၊ မြစ်ရေတင် စီမံကိန်း၂၇၁ခု၊ တံတားကြီးများ၁၉၀၊ လေဆိပ်အသစ်၁၂ခု၊ မြို့ကြီးများတွင် ခေတ်မီမြို့ပြ တည်ဆောက်ရေးလုပ်ငန်းများနှင့် စက်ရုံ၊ အလုပ်ရုံများကို တိုတောင်းသည့် ကာလအတွင်းမှာပင် နိုင်ငံတကာအဆင့်မီ တည်ဆောက်ပေးနိုင်ခဲ့ပေသည်။

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံ၍ မြန်မာနိုင်ငံအင်ဂျင်နီယာ အသင်းက ကြီးမှူးကျင်းပသော (၂၂)ကြိမ်မြောက် အာဆီယံနိုင်ငံ အင်ဂျင်နီယာအသင်းများအဖွဲ့ချုပ် ညီလာခံဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာလ ၁၈ရက်က ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ်ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ အမှာစကား ပြောကြားရာ၌-

**"မိမိတို့သည် ဤလောက်နှင့် ရောင့်ရဲတင်းတိမ်နေ၍မရဘဲ ရှေ့ကိုဆက်လက် ချီတက်ရမှာဖြစ်ကြောင်း၊ အင်ဂျင်နီယာပညာရှင်များကို ဆက်လက်လေ့ကျင့်ပျိုးထောင်နေရဦးမှာဖြစ်ကြောင်း၊ စက်မှုကဏ္ဍ၊ မြို့ပြကဏ္ဍအပါအဝင် နိုင်ငံတော်မှာ ဆက်လက်ဆောင်ရွက်ရမည့် အင်ဂျင်နီယာ လုပ်ငန်းမျိုးစုံ မြောက်မြားစွာ ကျန်ရှိနေဆဲဖြစ်ကြောင်း၊ တစ်ဖက်မှလည်း ကမ္ဘာမှာသိပ္ပံနှင့် နည်းပညာသည် အံ့မခန်းတိုးတက်နေသည့် အချိန်ကာလဖြစ်သည့်အတွက် ဆက်လက် ကြိုးပမ်းသွားရဦးမှာဖြစ်ကြောင်း"** ပြောကြားသွားသည်။

ယခုအခါ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်များဖြစ်သည့် လမ်းများ၊ တံတားများ၊ ရေလှောင်တမံများ၊ ရေအားလျှပ်စစ် စီမံကိန်းများ၊ မြို့ပြစီမံကိန်းများကို တစ်ဆင့်ပြီးတစ်ဆင့် ပြည့်စုံလာအောင် အဆင့်လိုက်ခွဲခြားဆောင်ရွက်လျက်ရှိသည်။ တည်ဆောက်မှုလုပ်ငန်းများအားလုံး ကျေးလက်နှင့်မြို့ပြသာမက နယ်စပ်ဒေသများပါမကျန် ပျံ့နှံ့ဖြစ်ထွန်းလျက်ရှိသည်။

ထို့အပြင် စက်မှုနှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်မှသာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်ထွန်းလာနိုင်မည် ဖြစ်သည့်အတွက် စိုက်ပျိုးရေးကို အခြေခံပြီး စက်မှုဖွံ့ဖြိုးတိုးတက်ရေးမှသည် စက်မှုနိုင်ငံတော်ကြီး ဖြစ်လာစေရန် နိုင်ငံတော်၏ အားပေးထောက်ကူမှုနှင့်အတူ မြန်မာပညာရှင်များက ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။

ယင်းသို့ကြိုးပမ်းတည်ဆောက်ရာမှ ပြည်သူများ လူမှုဘဝအရည်တည်တဲ့ဖွံ့ဖြိုးပြီး ဆင်းရဲသော နိုင်ငံများနှင့် ချမ်းသာသောနိုင်ငံများအကြား အခွင့်အလမ်းကွာဟမှုလျော့နည်းလာကာ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်မည့် နိုင်ငံတော်ကြီးဖြစ်ထွန်းလာမည် ဖြစ်သည်။

ထိုသို့ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတကာနှင့်ပူးပေါင်းပြီး မြန်မာအင်ဂျင်နီယာ အတတ်ပညာနှင့် ကျွမ်းကျင်မှုများကို အသုံးချမြှင့်တင် ဆောင်ရွက်နိုင်ရန်အတွက် ပြည်တွင်းပြည်ပ အသိပညာရှင်၊ အတတ်ပညာရှင်များ၏ စွမ်းအားများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံပေါင်း ၁၈နိုင်ငံမှ ကိုယ်စားလှယ်ပေါင်း ၃၀၀ ကျော်ပါဝင်သည့် (၂၂)ကြိမ်မြောက် အာဆီယံနိုင်ငံ အင်ဂျင်နီယာ အသင်းများ အဖွဲ့ချုပ် ညီလာခံကြီးကို မြန်မာနိုင်ငံတွင် ကျင်းပခဲ့ခြင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာ အထောက်အကူပြုစေမည် ဖြစ်သည်။

သို့ဖြစ်ရာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးအတွက် မြန်မာ အင်ဂျင်နီယာ ပညာရှင်များက နိုင်ငံတော်၏ ကူညီပံ့ပိုးမှုများကို ရယူ၍ သိပ္ပံနှင့်နည်းပညာများနှင့် အင်ဂျင်နီယာပညာများ အံ့မခန်းတိုးတက်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

## မြဝတီရုပ်မြင်သံကြား

**၂၁-၁၂-၂၀၀၄**
**(အင်္ဂါနေ့)**
**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄း၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄း၄၅ ၇။ မျိုးချစ်တပ်မတော်
၅း၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Methods of Studying Law (ပထမနှစ်) ဥပဒေပညာအထူးပြု
၅း၄၅ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
၆း၂၀ ၁၂။ မိုးလေဝသသတင်း
၆း၂၅ ၁၃။ မြန်မာ့ရှုခင်း
၆း၃၀ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀ ၁၅။ လျှပ်တစ်ပြက်
၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သပွတ်အူပမာ"**(အပိုင်း-၁၃)
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ မြန်မာ့ရှုခင်း
၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပညာဉာဏ်ကြီး ဘုန်းမီးနေလ"**(အပိုင်း-၅)

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) စာသင်သားသံဃာတော်များအား နယ်စပ်စည်ပင်ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ ဆွမ်းဆက်ကပ်လှူဒါန်း

ရန်ကုန် ဒီဇင်ဘာ ၂၀

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)မှ စာသင်သားသံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းသည့်အခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မိုးကုတ်ဆွမ်းစားဆောင်၌ ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။**

ရှေးဦးစွာ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)၏ နာယကချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ အထူးအရာရှိနှင့် ဌာနအကြီးအကဲများက ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ တစ်နေ့တာ ဆွမ်းအလှူတော်ငွေကျပ် နှစ်သိန်းခုနစ်သောင်းကို စည်ပင်သာယာရေးဘဏ်လီမိတက် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးဝင်းက ပေးအပ်လှူဒါန်းရာ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးမြင့်ကြည်က လက်ခံသည်။

ထို့နောက် နာယကချုပ် ဆရာတော်ထံမှ အနုမောဒနာတရားနာယူ၍ ရေစက်သွန်းချ အမျှပေးဝေကြပြီး ဆရာတော် သံဃာတော်များအား ဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ဦးစီးဌာနများမှ အကြီးအကဲများနှင့် ဝန်ထမ်းမိသားစုများက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အမျိုးသမီးဆရာဝန်များအဖွဲ့ သက်ကြီးပူဇော်

**ရန်ကုန် ဒီဇင်ဘာ ၂၀**

မြန်မာနိုင်ငံ ဆရာဝန်အသင်း (ရန်ကုန်) အမျိုးသမီးဆရာဝန်များအဖွဲ့က ကြီးမှူးကျင်းပသည့် (၂၂)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို ဒီဇင်ဘာ ၁၉ ရက် နံနက်၉နာရီက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမဆောင်၌ ကျင်းပသည်။

**နှုတ်ခွန်းဆက်စကားပြောကြား**

အခမ်းအနားတွင် အမျိုးသမီး ဆရာဝန်များအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်လေးကြီးက ဂါရဝပြုနှုတ်ခွန်းဆက် စကားပြောကြားသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် တက်ရောက်လာသူများက ကန်တော့ခံသက်ကြီး ဆရာဝန်ကြီး ၂၁၃ ဦးတို့အား ကန်တော့ခံပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြပြီး ကန်တော့ခံ ဆရာဝန်ကြီးများကိုယ်စား ဆရာဝန်ကြီး ဒေါက်တာဒေါ်မြတ်ဆွေက ဩဝါဒစကား ပြန်လည်ပြောကြားသည်။

**(သတင်းစဉ်)**

## ခုနစ်ရက်တရားစခန်းပွဲ

**ရန်ကုန် ဒီဇင်ဘာ ၂၀**

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် အမှတ် (၃)ဝိုင်း မဟာစန္ဒာရုံကျောင်းတွင် ဒီဇင်ဘာ၂၅ရက်မှ ၃၁ ရက်အထိ ခုနစ်ရက်တရားစခန်း ကျင်းပမည်ဖြစ်ရာ ကျေးဇူးရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သာသနဓဇ ဓမ္မာစရိယ(LL.B)မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တစန္ဒောဘာသက ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများသည် ဖုန်း- ၅၇၁၉၅၅နှင့် ၅၆၆၂၃၂တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။

**(က-ပ)**

**ဒီဇင်ဘာ ၁၂ရက်က ပုဇွန်တောင်မြို့နယ် အမှတ်(၇)ရပ်ကွက် သုတဘဏ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဆောက်အအုံ၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ခင်ညိမ်းနှင့် အမှတ်(၇)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။** (မြို့နယ် ပြန်/ဆက်)



■ ကျောဖုံးမှ

## ကြိုဆို

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း လိုက်ပါလျက် နံနက် ၉နာရီတွင် တပ်မတော်ခန်းမသို့ ရောက်ရှိလာရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပဌမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကျင်းပရေး ဦးစီးကော်မတီဝင်များနှင့် လုပ်ငန်းကော်မတီဝင်များ၊ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး လုပ်ငန်းရှင်များက ကြိုဆိုကြသည်။

## လှည့်လည်ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ပဌမအကြိမ် တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲ၏ ဗဟိုပြခန်း၊ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနပြခန်း၊ မြန်မာ့တိုင်းရင်းဆေးဆရာအသင်း (MTMPA)ပြခန်း၊ ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)၏ တိုင်းရင်းဆေးသုတေသနပြခန်း၊ သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနပြခန်းနှင့် အမှတ်(၁)စက်မှုဝန်ကြီးဌာနပြခန်းတို့၌ မြန်မာ့တိုင်းရင်းဆေးပညာ နှုန်းမီစံကိုက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုပြကွက်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် ပုဂ္ဂလိက တိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ရောင်းဝယ်သူများ၏ တိုင်းရင်းဆေးပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးရာ ပြခန်းအလိုက် တာဝန်ရှိသူများနှင့် ဆေးဝါးထုတ်လုပ်သူများက ရှင်းလင်းပြသကြသည်။

## ပြန်လည်ထွက်ခွာ

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ပဌမအကြိမ် တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြခန်းများကို တစ်နာရီခန့် ကြည့်ရှုစစ်ဆေးအားပေးပြီး တပ်မတော်ခန်းမမှ ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျန်းမာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပလျက်ရှိသည့် ပဌမအကြိမ် တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲကို ကြည့်ရှုစစ်ဆေး အားပေးစဉ်။**
(သတင်းစဉ်)

# ပဌမအကြိမ်တိုင်းရင်းဆေးနှင့်ဆေးပစ္စည်းပြပွဲ ဆက်လက်ခင်းကျင်းပြသ

**ရန်ကုန် ဒီဇင်ဘာ ၂၀**

ကျန်းမာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ပဌမအကြိမ် တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲကို ရန်ကုန်မြို့ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ပဌမနေ့အဖြစ် ယနေ့ ဆက်လက်ခင်းကျင်းပြသသည်။

ပြပွဲတွင် ဝန်ကြီးဌာနအသီးသီးမှ ပြခန်းများနှင့် ပုဂ္ဂလိက တိုင်းရင်းဆေးထုတ်လုပ်ရေးလုပ်ငန်းများ ဖြစ်သည့် မောရိယ၊ ဂရိတ်ဝေါ၊ မြန်တိုင်းကျော်၊ ရဲယို၊ ဒေါ်နု၊ ရွှေသမင်၊ ကံသာ၊ အဝေရာ၊ ဆင်ခြောက်ကောင်၊ မှန်ချို၊ ဦးသိန်းငွေးလူပျံတော်ပတ္တမြား၊ ဒေဝယက္ခ၊ စရဏ၊ ဝါဇီကရဏ၊ သုခသီတာ၊ အေးချမ်းသာ စသည့် ပြခန်းများအပါအဝင်ပြခန်းပေါင်း (၁၃၄)ခန်းကို ခင်းကျင်း ပြသထားသည်။

ပြခန်းများအနက် တိုင်းရင်းဆေးပညာဦးစီးဌာန ပြခန်းတွင် အဓိကရောဂါ ခြောက်မျိုးကင်းစင်ရေးအတွက် ဆေးဖက်ဝင်အပင်များ သုံးစွဲရေး၊ ကောင်းမွန်အဆင့်မီဆေးဝါးဖြစ်စေရန် GMP စနစ်ကျင့်သုံးရေး တိုင်းရင်းဆေးကိုသိပ္ပံနည်းကျဓာတ်ခွဲဖော်ထုတ်မှု စသည့်တို့ကို ပြသထားပြီး ဒေဝယက္ခဆေးတိုက်ပြခန်းတွင် ဒေဝယက္ခ အကျိတ်ကြေအနုမြူမန်းဆေးများ၊ ဦးသိန်းငွေး လူပျံတော်ပတ္တမြားဆေးတိုက်ပြခန်းတွင် မူလသွေးအားတိုးဆေးမှုန့်၊ သွေးဆေးအဆီ၊ လေသက်ဆေး၊ လျက်ဆားနှင့် အသစ်ထပ်မံထုတ်လုပ်သည့် နှလုံးအထူးအားဆေး၊ နှလုံးစွမ်းဖြည့်ဆေး၊ ပတ္တမြားသိဒ္ဓိစွမ်းအားဖြည့်ဆေးများ၊ ထက်လင်းဆေးတိုက် ပြခန်းတွင် ခေတ်မီညှစ်ဆေးတောင့်ပုံစံ ထုတ်လုပ်ထားသည့် ထက်လင်းချွဲသလိပ်ကြေ ရင်လူးဆေးနှင့် အကြောပြေဒဏ်ကြေလိမ်းဆေးများ၊ ထွန်းရွှေဝါ ဆေးတိုက်ပြခန်းတွင် ထွန်းရွှေဝါအကြောဖြေလိမ်းဆေး စသည့်တို့ကို ပြသရောင်းချပေးလျက်ရှိသည်။

ပြပွဲကို ဒီဇင်ဘာ ၂၅ရက်အထိ နေ့စဉ်ဖွင့်လှစ်ပြသသွားမည်ဖြစ်ရာ မည်သူမဆို လာရောက်ကြည့်ရှုလေ့လာဝယ်ယူနိုင်ကြသည်။

**(သတင်းစဉ်)**



**ပဌမအကြိမ် တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲတွင် ဆန္ဒမွန် တိုင်းရင်းဆေးဝါး လုပ်ငန်းမှ အစွမ်းထက် တိုင်းရင်းဆေး အမျိုးမျိုး ရောင်းချပေးလျက်ရှိရာ ဝယ်ယူသူများဖြင့် စည်ကားနေစဉ်။**
(မြန်မာ့အလင်း)



**ပဌမအကြိမ် တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲတွင် ဦးဘညိန်း-သား စတုမဓုနှင့် ဧကမ္ဘာမြန်မာ့ဆေးထုတ်လုပ်ရေးလုပ်ငန်းမှ အစွမ်းထက် တိုင်းရင်း ဆေးဝါးများကို ဝယ်ယူအားပေးကြသော ပရိသတ်များဖြင့် စည်ကားနေစဉ်။**
(မြန်မာ့အလင်း)

# မျက်စိအထူးကုဆရာဝန်ကြီးများ သံတွဲမြို့၌ အခမဲ့ခွဲစိတ်ကုသပေး

**ရန်ကုန် ဒီဇင်ဘာ ၂၀**

ကျန်းမာရေးဝန်ကြီးဌာန၏ စီစဉ်ညွှန်ကြားပေးမှုဖြင့် ရန်ကုန်မြို့ မျက်စိအထူးကုဆေးရုံကြီးမှ မျက်စိအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာကံညွန့်ဦးဆောင်၍ ဂျာမနီနိုင်ငံမှ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာ မောင်မောင်မြ၊ ပါမောက္ခဒေါက်တာ ဦးကိုကိုတင်၊ ဒေါက်တာနီလာသိန်းနှင့် အထက်တန်းသူနာပြုဆရာမ ဒေါ်အေးအေးမြင့်၊ သူနာပြုဆရာမ ဒေါ်ဝင်းပပတို့ပါဝင်သော မျက်စိအထူးကုအဖွဲ့သည် ဒီဇင်ဘာ ၁၄ရက်မှ ၁၇ရက်အတွင်း ရခိုင်ပြည်နယ် သံတွဲမြို့ ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်၍ မျက်စိဝေဒနာရှင် ၃၉၁ဦးတို့အား ကြည့်ရှု၍ အတွင်းတိမ်ဝေဒနာရှင် ၆၃ဦးတို့အား အခမဲ့ခွဲစိတ်ကုသပေးခဲ့ကြသည်။

ယင်းသို့ကုသရာသို့ သံတွဲခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှတင့်၊ သံတွဲခရိုင် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဦးစိုးနိုင်နှင့် ကျန်းမာရေးဝန်ထမ်းများက ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ **(က-ပ)**

**မန္တလေးမြို့ ၂၉လမ်း ဒေါင်းရိုးရပ်နေ ကွယ်လွန်သူ အဖဦးပေါ-အမိဒေါ်အုန်းခင်၊ မောင် ဦးကြီးမြင့်တို့အား ရည်စူး၍ ရန်ကုန်မြို့ ကိုးမိုင်ယိုးဒယားလမ်း အမှတ် ၁၃ မိဘမေတ္တာခြံနေ အစ်မကြီးဒေါ်စိန်မေ၊ မောင် ဒုတိယဗိုလ်မှူးကြီးအုန်းမောင်မောင် (မင်္ဂလာဒုံတပ်မတော်ဆေးရုံကြီး)၊ ဦးမောင်ဖေ (မြန်မာ့အသံနှင့် ရုပ်မြင်သံကြား)-ဒေါ်လှမေမြင့်၊ မမေသူဖေ၊ ဗိုလ်လောင်းအာကာဖေ၊ မောင်ဝေယံဖေတို့က ဆွမ်း၊ ဆေးပဒေသာပင်ငွေကျပ် တစ်သိန်းကို ဇီဝိတဒါနသံဃာ့ဆေးရုံကြီး ဒုတိယအုပ်ချုပ်ရေးမှူး ဦးစိုးဝင်းသို့ ပေးအပ်လှူဒါန်းစဉ်။**
(က-ပ)



# ဆရာဝန်အသင်း(ရန်ကုန်) နှစ်လည်စည်းဝေးမည်

**ရန်ကုန် ဒီဇင်ဘာ ၂၀**

မြန်မာနိုင်ငံဆရာဝန်အသင်း (ရန်ကုန်)၏ ၂၀၀၄ခုနှစ် နှစ်ပတ်လည်အစည်းအဝေးကို ဒီဇင်ဘာ ၂၆ရက် နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင် (ဘီ)၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်မြို့မှ အသင်းဝင် ဆရာဝန်များ တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အိန္ဒိယ–တရုတ် အပြန်အလှန်ကုန်သွယ်မှု ပမာဏ ပထမဆုံးအကြိမ် ဒေါ်လာ ၁၀ ဘီလီယံ ကျော်လွန်

ပေကျင်း ဒီဇင်ဘာ ၁၉

**အိန္ဒိယ–တရုတ် နှစ်နိုင်ငံကုန်သွယ်မှုသည် ပထမဆုံးအကြိမ်အဖြစ် ဒေါ်လာ ၁၀ ဘီလီယံကျော်လွန်ကာစံချိန်သစ်တင်ခဲ့ကြောင်း တရုတ်အကောက်ခွန်ဌာန ကိန်းဂဏန်းများအရ သိရသည်။**

အိန္ဒိယနိုင်ငံသည် တရုတ်နိုင်ငံ၏ ထိပ်တန်းကုန်သွယ်ဖက် ၁၀နိုင်ငံစာရင်းဝင်လည်း ဖြစ်လာခဲ့သည်ဟု ဆိုသည်။ အိန္ဒိယ– တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှုသည် ဇန်နဝါရီမှ အောက်တိုဘာလအတွင်း အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၈၄ ဘီလီယံထိရှိခဲ့ရာ လွန်ခဲ့သည့်နှစ် အလားတူကာလထက် ၈၂ဒသမ ၅၃ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း တရုတ်အကောက်ခွန်ဌာနက ပြောကြားသည်။

**ပြောကြား**

၂၀၀၄ ခုနှစ် ပထမ၁၀လအတွင်း နှစ်နိုင်ငံ ကုန်သွယ်မှုသည် လျာထားသတ်မှတ်ချက် အမေရိကန်ဒေါ်လာ ၁၀ဘီလီယံကို ရရှိထားပြီးဖြစ်ကြောင်း တရားဝင်သတင်းရပ်ကွက်များက ပြောကြားသည်။

ဇန်နဝါရီ–ဒီဇင်ဘာကာလအတွင်း နှစ်နိုင်ငံကြား အပြန်အလှန် ကုန်သွယ်မှုသည် အမေရိ ကန် ဒေါ်လာ ၁၂ ဘီလီယံထိရှိမည်ဟု မျှော်လင့်ထားကြောင်း သတင်းရပ်ကွက်များက ပြောကြားသည်။

**အကြီးမားဆုံး**

ဇန်နဝါရီ–အောက်တိုဘာကာလအတွင်း အိန္ဒိယနိုင်ငံသည် တရုတ်နိုင်ငံ၏ ရှစ်နိုင်ငံမြောက်အကြီးမားဆုံး ကုန်သွယ်ဖက် ဖြစ်ခဲ့သည်။

ဂျပန်နိုင်ငံသည် ယခုနှစ် ၁၀လအတွင်း တရုတ်နိုင်ငံနှင့် နှစ်နိုင်ငံ ကုန်သွယ်ရာ၌ အမေရိကန်ဒေါ်လာ ၁၃၅ ဒသမ ၈၂ ဘီလီယံဖိုး ရှိခဲ့ပြီး ထိပ်ဆုံးဖြစ်ခဲ့သည်။

**(ပီတီအိုင်)**



**ပထမဆုံးကား**

**မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကားပြပွဲ တစ်ရပ် ခင်းကျင်း ပြသရာ ၁၈၈၆ ခုနှစ်က ထုတ်လုပ်ခဲ့သည့် ကမ္ဘာ့ပထမဆုံး ဘင့်ဇ်မော်တော်ကားကို ဒီဇင်ဘာ ၁၉ ရက်က တွေ့ရစဉ်။** (ယာပုံ)

(ဓာတ်ပုံ–အင်တာနက်)

# ရေပြန်လည်သန့်စင်ထုတ်လုပ်ရေး စက်ရုံကန်ထရိုက် စင်ကာပူကက်ပဲလ်အင်ဂျင်နီယာလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိ

စင်ကာပူ ဒီဇင်ဘာ ၁၅

**ကက်ပဲလ် အင်ဂျင်နီယာလုပ်ငန်းကုမ္ပဏီသည် စင်ကာပူနိုင်ငံ၏ စတုတ္ထ နှင့်အကြီးမားဆုံး ရေပြန်လည်သန့်စင်ထုတ်လုပ်ရေးစက်ရုံအတွက် နှစ်၂၀ လုပ်ငန်းဆောင်ရွက်မှု ကန်ထရိုက်ကို ရရှိကြောင်း ယင်း၏ ပင်မကက်ပဲလ်ကော်ပိုရေးရှင်းက ဗုဒ္ဓဟူးနေ့၌ ကြေညာသည်။**

စင်ကာပူနိုင်ငံ အနောက်ပိုင်း ယူလူပန်ဒန်ရှိ အင်အီးရေထုတ်လုပ်ရေး စက်ရုံသည် ၂၀၀၆ခုနှစ်၌ လုပ်ငန်းဆောင်ရွက်ဖွယ်ရှိပြီး တစ်နေ့လျှင် ပြန်လည် သန့်စင်သော သောက်ရေ သို့မဟုတ် အင်အီးရေကို ကုဗမီတာ ၁၁၆၀၀၀ ထုတ်လုပ်နိုင်စွမ်းရှိမည့်ပြင် စက်မှုလုပ်ငန်းသုံးရေ တစ်နေ့လျှင် ကုဗမီတာ ၄၆၀၀၀ ထုတ်လုပ်ပေးနိုင်စွမ်းရှိမည်ဖြစ်သည်။

အဆိုပါရေထုတ်လုပ်ရေး စက်ရုံမှထွက်ရှိသည့် ပြန်လည်သန့်စင်ထုတ်လုပ်သောရေ သို့မဟုတ် အင်အီးရေ ဈေးနှုန်းမှာ ပထမနှစ်၌ တစ်ကုဗမီတာလျှင် စင်ကာပူဒေါ်လာ ဝ ဒသမ ၃၀ဖြစ်ပြီး စက်မှုလုပ်ငန်းသုံးရေမှာ တစ်ကုဗမီတာလျှင် စင်ကာပူဒေါ်လာ ဝဒသမ ၁၅ဒေါ်လာဖြစ်သည်။

**(အင်တာနက်)**

# တောင်ကိုရီးယားသမ္မတ ဂျပန်သို့သွားရောက်လည်ပတ်

**ဆိုးလ် ဒီဇင်ဘာ ၁၈**

တောင်ကိုရီးယားသမ္မတ နိုမူဟွန်းသည် သောကြာနေ့က ဂျပန်နိုင်ငံသို့ အလုပ်သဘော နှစ်ရက်ကြာလည်ပတ်ရန် ထွက်ခွာခဲ့သည်။

ဟွန်းနှင့်အတူ သူ၏ဇနီး ကေဝမ်းရန်ဆွတ်လည်းလိုက်ပါကာ ၎င်း၏ လေယာဉ်သည် ဂျပန်နိုင်ငံတောင်ပိုင်း ကာရိုရှီးမားကျွန်းသို့ ဦးတည် ပျံသန်းခဲ့သည်။ဟွန်းသည် ဂျပန်ဝန်ကြီးချုပ် ဂျူနီချီရိုကိုအိဇုမိနှင့် ယင်းကျွန်းရှိ အပန်းဖြေစခန်း၌ တွေ့ဆုံကြသည်။

**ဆွေးနွေးမည်**

နှစ်နိုင်ငံကုန်သွယ်ရေး လွတ်လပ်မှု သဘောတူညီချက်တစ်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ကြရန် ထိပ်သီးဆွေးနွေးကြကြောင်း ဒေသဆိုင်ရာ မီဒီယာက ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**



# စုပေါင်းလျှော်ဖွပ်

**အင်ဒိုနီးရှားနိုင်ငံ ဆူရာဘားရားမြို့လယ်ရင်ပြင်၌ အင်ဒိုနီးရှားအမျိုးသမီး ၂၀၀၀ကျော်က မိဘမဲ့ကလေးများဂေဟာများသို့ လှူဒါန်းသည့် အဝတ်အထည်များ တစုတစည်းတည်း စုပေါင်းလျှော်ဖွပ် ကုသိုလ်ပြုလျက်ရှိသည်ကို ဒီဇင်ဘာ ၁၉ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ–အင်တာနက်)

# ပါကစ္စတန်ဝန်ကြီးချုပ် တရုတ်၌ ငါးရက်ကြာ လည်ပတ်ပြီးဆုံး

**ရှန်ဟိုင်း ဒီဇင်ဘာ ၁၉**

ပါကစ္စတန်ဝန်ကြီးချုပ်ရှောကတ်အဇစ်သည် တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်၏ ဖိတ်ခေါ်ချက်အရ ငါးရက်ကြာ တရုတ်နိုင်ငံသို့လည်ပတ်ခဲ့ပြီးနောက် စနေနေ့ မွန်းလွဲပိုင်း၌ တရုတ်နိုင်ငံ၏ စီးပွားရေး အချက်အချာကျသည့်ရှန်ဟိုင်းမှထွက်ခွာသွားသည်။

**တွေ့ဆုံ**

သူ၏တရုတ်ခရီးစဉ်အတွင်း အဇစ်သည် ဝမ်ကြားပေါင်နှင့်အခြားတရုတ်ဝါရင့် ခေါင်းဆောင်များဖြစ်သည့် တရုတ်သမ္မတဟူကျင်တောင်၊ တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်ကော်မတီဥက္ကဋ္ဌ ဂျီယာကျင်လင်းတို့နှင့် ပေကျင်းမြို့၌ တွေ့ဆုံခဲ့သည်။

**ပထမဆုံး**

အဇစ်သည် ယခုနှစ် ဩဂုတ်လက ဝန်ကြီးချုပ် ဖြစ်လာပြီးနောက် တရုတ်နိုင်ငံသို့ ပထမဆုံးအကြိမ် လာရောက်လည်ပတ်ခြင်းဖြစ်သည်။

**အမ်အင်အေ၊ဆင်ဟွာ**




# အဝေးပြေးကွန်ရက်လမ်းမကြီး တရုတ်၌တည်ဆောက်မည်

ပေကျင်း ဒီဇင်ဘာ ၁၃

**တရုတ်နိုင်ငံ နိုင်ငံတော်ကောင်စီ၏ အမှုဆောင်အစည်းအဝေးကို သောကြာနေ့ကပြုလုပ်ရာ ဝန်ကြီးချုပ် ဝမ်ကြားပေါင်က တရုတ်နိုင်ငံ၏ အမျိုးသားအဝေးပြေးကွန်ရက်လမ်းမကြီးတည်ဆောက်ရေး မူဘောင်တစ်ရပ် စီစဉ်ဆောင်ရွက်ရန် ပြောကြားခဲ့သည်။**

အစီအစဉ်၏ အသေးစိတ်ကို ထုတ်ဖော်ပြောကြားခြင်းမရှိကြောင်း၊ ကွန်ရက်အဝေးပြေးလမ်းမကြီး တည်ဆောက်ခြင်းသည် တရုတ်နိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှု၊ ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု၊ ကျေးလက်နှင့် မြို့ပြ ဖွံ့ဖြိုးတိုးတက်မှု၊ လူဦးရေဖြန့်ဝေချထားမှုတို့ကို ပြုပြင်နိုင်မည်ဖြစ်ကြောင်း ပါဝင်တက်ရောက်သူများက ဆုံးဖြတ်ခဲ့ကြသည်။

ထူးခြားသောနည်းပညာနှင့်ပစ္စည်းများသည် အရည်အသွေးကောင်း ဆောက်လုပ်ရေးနှင့်ကုန်ကျမှုသက်သာစေရေး ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ယင်းဆုံးဖြတ်ချက်၌ ဖော်ပြထားသည်။

**ပြုပြင်**

၎င်းဆုံးဖြတ်ချက်သည်အဝေးပြေးလမ်းမကြီး စီမံခန့်ခွဲရေးယန္တရားကို ပြန်လည်ပြုပြင်ရန် ဆော်ဩလိုက်ခြင်းလည်း ဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံ၏အဝေးပြေးလမ်းမကြီးတည်ဆောက်ခြင်းကို ၁၉၉၀ပြည့်နှစ်များကဆောင်ရွက်ခဲ့ရာ ၂၀၀၃ ခုနှစ် နှစ်ကုန်တွင် ပြီးစီးခဲ့သည်။ တရုတ်နိုင်ငံသည် ကီလိုမီတာ ၂၉၇၀၀ ရှိ အဝေးပြေးလမ်းမကြီးကို ဖွင့်လှစ်ခဲ့သည်။ ယင်းလမ်းမကြီးသည်ကမ္ဘာတွင်ဒုတိယအဆင့်ရှိသည်။

တရုတ်နိုင်ငံသည် အဆိုပါအဝေးပြေးလမ်းမကြီးနှင့် တရုတ်နိုင်ငံ၏ အရှေ့မြောက်၊ မြောက်၊ အရှေ့နှင့် တောင်ဘက်ဒေသများနှင့် ဆက်သွယ်ရေးအတွက်ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# အထိမ်းအမှတ် ငွေဒင်္ဂါးများထုတ်ဝေ

**ပေကျင်း ဒီဇင်ဘာ ၁၈**

ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသငွေကြေးအာဏာပိုင်က မကာအိုပြည်မကြီးသို့ ပြန်လည်ရောက်ရှိခဲ့သည့် ပဉ္စမအကြိမ်နှစ်ပတ်လည်အခမ်းအနားကျင်းပရာတွင် အထိမ်းအမှတ် ငွေဒင်္ဂါး ၂၅၅၀၀ထုတ်ဝေရန်စီစဉ်လျက်ရှိသည်။

တရုတ်ငွေစက္ကူ ရိုက်နှိပ်ထုတ်ဝေရေးနှင့် သွန်းလုပ်ရေးကော်ပိုရေးရှင်း (စီဘီပီအမ်စီ)သည် မကာအိုငွေကြေးအာဏာပိုင်အဖွဲ့၏ခွင့်ပြုချက်ဖြင့် ငွေဒင်္ဂါးများကို သွန်းလုပ်မည်ဖြစ်ကြောင်း၊ အမျိုးအစားငါးမျိုးပါဝင်ကြောင်း၊ ယင်းတို့မှာ ၂၀၀၀၊ ၁၀၀၀၊ ၅၀၀၊ ၂၀၀ နှင့် ၁၀၀ တန်ဖိုးရှိ ဒင်္ဂါးများဖြစ်ကြောင်းသိရသည်။

စီဘီပီအမ်စီသည် ၁၀၀၀ တန်ဒင်္ဂါး ပြား ၂၀၀၀၊ ၂၀၀ ပါတာကတ်၊ ၁၀၀ ပါတာကတ်တန်ဖိုးရှိ ဒင်္ဂါးပြား ၅၀၀၀ကို ရောင်းချရန် လုပ်ပိုင်ခွင့်ရယူထားသည်။

ပထမအကြိမ် ထုတ်ဝေသော အဆိုပါ ငွေဒင်္ဂါးများကို ဒီဇင်ဘာ ၂၀ ရက်က ပေကျင်း၊ ရှန်ဟိုင်း၊ ကွန်ကျိုး၊ တီယင်ချန်း၊ ရှန်ကျန်း၊ ဇီပန်နှင့် တိုင်ယူရန်တို့၌ ရောင်းချပေးခဲ့ကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# တည်ငြိမ်မှုသည် ဖွံ့ဖြိုးရေးအတွက် အဓိကသော့ချက်ဖြစ်

ဒါကာ ဒီဇင်ဘာ ၁၉

**နိုင်ငံရေးတည်ငြိမ်မှုသည် မည်သည့်နိုင်ငံ၌မဆို စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကသော့ချက်ဖြစ်ကြောင်း ယခင်မလေးရှားဝန်ကြီးချုပ် မဟာသာမိုဟာမက်က ပြောကြားလိုက်သည်။**

ငြိမ်းချမ်းမှုရှိသော ဝန်းကျင်အခြေအနေတစ်ရပ်တွင် စီးပွားရေးတိုးတက်မှုကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ ယင်းကိုတည်ငြိမ်မှုရှိသော နိုင်ငံရေးစနစ်၌ ရရှိနိုင်မည်ဖြစ်ကြောင်း ဒါကာ၌ကျင်းပသည့် ဘင်္ဂလားဒေ့ရှ်– မလေးရှား စီးပွားရေးဖိုရမ်၌ ၎င်းက ပြောကြားသည်။

အဆိုပါပထမအကြိမ်ကျင်းပသည့် ဘင်္ဂလားဒေ့ရှ်– မလေးရှားစီးပွားရေး ဖိုရမ်တွင် တရားဝင်ကဏ္ဍများနှင့် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုများ အပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို မလေးရှားနိုင်ငံက အပြည့်အဝထောက်ခံမှုပေးမည်ဖြစ်ကြောင်း မဟာသာက ပြောကြားသည်။ အဆိုပါ သုံးရက်ကြာ စီးပွားရေးဖိုရမ်ကို ဘင်္ဂလားဒေ့ရှ်– မလေးရှား ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းအသင်းက ကြီးမှူးကျင်းပခဲ့ခြင်းဖြစ်သည်။ **(ပီတီအိုင်)**

# နိုင်ဂျီးရီးယားနိုင်ငံ၏ အရန်နိုင်ငံခြားငွေကြေး ဒေါ်လာ၁၆ဘီလီယံကျော် စံချိန်တင်မြင့်မား

လေဂို့စ် ဒီဇင်ဘာ ၁၉

**နိုင်ဂျီးရီးယားနိုင်ငံ၏ အရန်နိုင်ငံခြားငွေကြေးသည် အမေရိကန်ဒေါ်လာ ၁၆ဒသမ၁ဘီလီယံ စံချိန်တင်မြင့်မားခဲ့ကြောင်း သစ်(စ)ဒေး သတင်းစာက သောကြာနေ့၌ ရေးသားဖော်ပြသည်။**

**ဖူလုံနိုင်**

နိုင်ဂျီးရီးယားနိုင်ငံ၏လက်ရှိအရန်ငွေကြေးသည် ကုန်ပစ္စည်း ၁၁လစာတင်သွင်းမှုအတွက် ဖူလုံမှုရှိနိုင်ကြောင်း ဘဏ္ဍာရေးဝန်ကြီး ငိုဇီအိုကွန်ဂျိုအိဝီလာ၏ ပြောဆိုချက်ကို သတင်းစာက ကိုးကားဖော်ပြသည်။ နိုင်ဂျီးရီးယားအစိုးရအဖွဲ့သည် နိုင်ဂျီးရီးယားနိုင်ငံ သုံးငွေနိုင်ယာ ၆၉၁ ဘီလီယံ(အမေရိကန်ဒေါ်လာ၅ဒသမ၂ဘီလီယံ)ခန့်ကို ချွေတာစုဆောင်းနိုင်စွမ်းရှိကြောင်း၊ ယင်းသည် ၂၀၀၄ခုနှစ် ဒီဇင်ဘာလ၌ ကုန်ဆုံးသောဘဏ္ဍာရေးနှစ်အတွက် နိုင်ယာ ၆၀၉ဘီလီယံ(ဒေါ်လာ၄ဒသမ၆ဘီလီယံ)ခန့်အပေါ် ၁၃ဒသမ၅ရာခိုင်နှုန်း တိုးလာခြင်းပင်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးက ပြောကြားသည်။

**တည်ငြိမ်**

နိုင်ဂျီးရီးယားနိုင်ငံ၏ ငွေကြေးဖောင်းပွနှုန်းသည် ၂၀၀၄ခုနှစ်အတွက် ပျမ်းမျှ ၁၉ဒသမ၁ရာခိုင်နှုန်းမှ ကျသွားကြောင်း၊ နိုင်ယာငွေကြေးနှင့် အမေရိကန်ဒေါ်လာ လဲလှယ်နှုန်းသည် တစ်ဒေါ်လာလျှင် ၁၃၂နိုင်ယာ၌ တည်ငြိမ်ခဲ့ကြောင်း သူမကပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

# နေနှင့်အရွယ်အစားတူကြယ်စု ကမ္ဘာနှင့်အလင်းနှစ် ငါးထောင်အကွာ၌ရှိ

**တိုကျို ဒီဇင်ဘာ ၁၉**

ဟာဝိုင်အီရှိ ဆာဘာဂူတယ်လီစကုပ်မှ ရိုက်ယူထားသော ကြယ်စုပုံတစ်ခုကို ဂျပန်နိုင်ငံရှိ နိုင်ငံတကာ နက္ခဗေဒလေ့လာရေးအဖွဲ့က ထုတ်ဝေခဲ့သည်။ ၎င်းကြယ်စု၏ အရွယ်ပမာဏသည် နေနှင့်တူညီပြီး ကမ္ဘာနှင့် အလင်းနှစ်ငါးထောင် အကွာအဝေးတွင် တည်ရှိသည်။

ဆာဘာဂူတယ်လီစကုပ်မှ ထုတ်ပြန်သော ရုပ်ပုံများအရ ၎င်းကြယ်မှဓာတ်ငွေ့နှင့် ဖုန်မှုန့်များကို ထုတ်လွှင့်မှုသည် နေမှထုတ်လွှင့်သည်ထက် အာကာသအတွင်း အကြိမ်တစ်ရာခန့် ပိုမိုထုတ်လွှင့်နေကြောင်း သိရသည်။

သုတေသီများက ၎င်းကြယ်သည် လွန်ခဲ့သည့် နှစ်ပေါင်းကိုးရာက စတင်၍ ယခုကဲ့သို့ တည်ရှိနေခြင်းဖြစ်ပြီး ကြယ်၏သက်တမ်း ကုန်ဆုံးမည့် နှစ်ထောင်ပေါင်းများစွာအထိ ဆက်လက်၍ တည်ရှိနေမည်ဖြစ်ကြောင်း ပြောကြားသည်။ **(အင်န်အိပ်ချ်ကေ)**

**ဂျာမနီနိုင်ငံ ဘာလင်မြို့ တောင်ဘက်ကီလိုမီတာ ၆၀အကွာရှိ ကမ်းခြေ ဧရိယာအတွင်း ပြည်သူများအပန်းဖြေရန်အတွက် တည်ဆောက်ထားသော လေသဘော်ကြီးတစ်ခု၏ အတွင်းပိုင်းကို ဒီဇင်ဘာ ၁၉ရက်က ဖွင့်ပွဲအခမ်းအနားအပြီး တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)



# ပါရာဆိုဂြိုဟ်တု ပြင်သစ်လွှတ်တင်၊ အလင်းကျရောက်မှုကို တိုင်းတာမည်

**ပါရီ ဒီဇင်ဘာ ၁၉**

အလေးချိန် ၁၀၇၈ရမ်ရှိသော ပါရာဆိုအမည်ရှိ ဂြိုဟ်တုကို ပြင်သစ်အာကာသလေ့လာရေးဌာနမှ အာကာသအတွင်းသို့ လွှတ်တင်လိုက်သည်။

**ယူဆ**

အာရာဆိုသည် လေထုအတွင်းရှိ သေးငယ်သော အရာလေးများ၌ တွယ်ကပ်တည်ရှိနေသည့် အလွှာဖြစ်သည်။ သိပ္ပံပညာရှင်များ၏ လေ့လာမှုအရ ကမ္ဘာ့အပူချိန်မြင့်မားလာမှုသည် ဖန်လုံအိမ် အာနိသင်ကို ဖြစ်ပေါ်စေနိုင်သော ဓာတ်ငွေ့များ ထုတ်လွှင့်မှုကြောင့်ဟု ယခုအထိ ယူဆထားကြသည်။

**စူးစမ်းလို**

သို့ရာတွင် အာရာဆိုအလွှာအတွင်းရှိ တိမ်များသည် နေရောင်ခြည်ကျရောက်မှုကို ပိတ်ဆို့ကာကွယ်မှုရှိကြောင်း သိရှိလာကြသည့် အတွက် သိပ္ပံပညာရှင်များသည် အာရာဆို အလွှာ၏ သက်ရောက်မှုနှင့် ဖန်လုံအိမ်အာနိသင် ဖြစ်ပေါ်စေသော ဓာတ်ငွေ့များ၏ သက်ရောက်မှု အနက် မည်သည်က ပိုပြီး သက်ရောက်မှု ရှိမည်ဆိုသည့် အချက်ကို တိကျစွာသိရှိစူးစမ်းလိုကြသည်။ ပါရာဆိုသည် အလင်းကျရောက်မှုကို ဘက်ပေါင်းစုံက တိုင်းတာမည်ဖြစ်သည်။

**ပူးပေါင်းမည်**

ယခုကဲ့သို့ စမ်းသပ်မှုကို အမေရိကန် နာဆာအဖွဲ့မှ သုတေသီများနှင့် ပူးတွဲဆောင်ရွက်ခြင်းဖြစ်ပြီး နောင်လာမည့် နှစ်နှစ်ကျော်၌ ပါရာဆိုသည် ရေနှင့်လေထုအရည်အသွေးကို လေ့လာနေသောအခြားဂြိုဟ်တုများနှင့် ပူးပေါင်းလုပ်ဆောင်နိုင်မည် ဖြစ်သည်။

၂၀၀၈ ခုနှစ်တွင် သိပ္ပံပညာရှင်များသည် အေထရိန်းဟုခေါ်သော အာကာသလေ့လာမှုများ အပြီးအစီး ပြုလုပ်ပြီးစီးနိုင်မည်ဟု မျှော်လင့်ထားကြသည်။ **(အင်န်အိပ်ချ်ကေ)**

**ဘဂ္ဂဒက်မြို့တွင် ဗုံးခွဲတိုက်ခိုက်မှုကြောင့် မော်တော်ယာဉ်တစ်စီးမီးလောင်နေချိန်တွင် အမေရိကန် စစ်ရဟတ်ယာဉ်တစ်စင်းက ကင်းလှည့်ပျံသန်းနေသည်ကို ဒီဇင်ဘာ ၁၉ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)



# တူရကီအစောင့်တပ်ဖွဲ့ဝင်များ မိုဆူးလ်သို့ သွားစဉ်တိုက်ခိုက်ခံရ

အန်ကာရာ ဒီဇင်ဘာ ၁၉

**ဘဂ္ဂဒက်မြို့ရှိ တူရကီသံရုံးဝန်ထမ်းများကို ကာကွယ်ရန် အစောင့်တပ်ဖွဲ့ ဝင်များ လိုက်ပါလာသော ယာဉ်တန်းသည် သောကြာနေ့တွင်အီရတ်နိုင်ငံ မြောက်ပိုင်းရှိ မိုဆူးလ်မြို့ကိုဖြတ်စဉ် တိုက်ခိုက်ခြင်းခံခဲ့ရပြီး အစောင့်တပ်ဖွဲ့ဝင်အချို့သေဆုံးသွားခဲ့ကြောင်းတူရကီနိုင်ငံကပြောကြားသည်။**

**ဖော်ပြ**

အဆိုပါ တိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် တူရကီ အစောင့်တပ်ဖွဲ့ဝင် တစ်ဦးနှင့် ယာဉ်မောင်းတို့သည် တူရကီ-အီရတ်နယ်စပ်သို့ ပြန်လာနိုင်ခဲ့ကြပြီး အခြားနှစ်ဦးမှာ ဆက်လက် သွားရောက်ခဲ့ကြကြောင်း တူရကီနိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် ကြေညာချက်၌ ဖော်ပြသည်။

မိုဆူးလ်မြို့၌ သောကြာနေ့ နေ့လယ်ပိုင်းတွင် ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုတွင်မည်မျှသေဆုံးကြောင်းကို ကြေညာချက်၌ ထုတ်ဖော် ပြောကြားခြင်း မပြုဘဲထားသည်။

ရိုက်တာဓာတ်ပုံ သတင်းထောက်က ယင်းတိုက်ခိုက်မှုတွင် လူလေးဦးသေဆုံးသည်ကို တွေ့ရကြောင်း၊ သုံးဦးမှာ နိုင်ငံခြားသား ဖြစ်ဟန်ရှိကြောင်း သောကြာနေ့၌ ပြောကြားသည်။

တူရကီနယ်စပ်အရာရှိများက ယာဉ်တန်းဖြင့်ဘဂ္ဂဒက်မြို့သို့ လူ၁၃ဦးလိုက်ပါသွားကြောင်း၊ ငါးဦးမှာ ယခုအထိ ပျောက်ဆုံးနေကြောင်း ပြောကြားကြသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ဩစတြေးလျတပ်ဖွဲ့ဝင်များ၏ စခန်းဝင်းအား ပြောက်ကျားတို့က စိန်ပြောင်းဖြင့် ပစ်ခတ်တိုက်ခိုက်

ဆစ်ဒနီ ဒီဇင်ဘာ ၁၉

**အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်တွင် ဩစတြေးလျတပ်ဖွဲ့ဝင်များအသုံးပြုထားသည့် စခန်းဝင်းတစ်ခုကို အီရတ်လက်နက်ကိုင် ခုခံတိုက်ခိုက်ရေးသမားများက စိန်ပြောင်းဖြင့် နှစ်ကြိမ်ပစ်ခတ်ခဲ့ကြောင်း၊ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း ဩစတြေးလျစစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။**

**ကျရောက်**

စိန်ပြောင်းကျည်တစ်လုံးသည် ဩစတြေးလျတပ်ဖွဲ့ဝင်များအသုံးပြုသည့် စခန်းအတွင်း ကျရောက်ခဲ့ကြောင်း၊ ၎င်းစခန်းဝင်းသည် ဘဂ္ဂဒက်မြို့ရှိ လုံခြုံရေး ထူထပ်စွာချထားသော အစိမ်းရောင်နယ်မြေအတွင်းရှိကြောင်းလည်း အဆိုပါပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

**လွဲချော်ခဲ့**

အီရတ်လက်နက်ကိုင်တိုက်ခိုက်ရေးသမားများ ပစ်ခတ်လိုက်သည့် ဒုတိယ စိန်ပြောင်းကျည်မှာ ပစ်မှတ်ကိုလွဲချော်ခဲ့ကြောင်း သိရသည်။ ယင်းကဲ့သို့ တိုက်ခိုက်မှုမှာ ဩစတြေးလျတပ်ဖွဲ့ဝင်များအား ပစ်မှတ်ထား ဦးတည်တိုက်ခိုက်ခြင်းလားဆိုသည်ကို မသိရှိရသေးကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။

**တိုက်ခိုက်**

အီရတ်ရှိ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ ဌာနချုပ်ရှိရာ အစိမ်းရောင်နယ်မြေအား ယင်းကဲ့သို့ပင် အီရတ်ပြောက်ကျားတို့က မကြာခဏ ပစ်ခတ်တိုက်ခိုက်လျက်ရှိသည်။

**ဒဏ်ရာရ**

ပြီးခဲ့သည့် အောက်တိုဘာလကလည်း ဘဂ္ဂဒက်မြို့တွင် ဩစတြေးလျတပ်ဖွဲ့ဝင်များ၏ စစ်ယာဉ်တန်းတစ်ခုအား ကားဗုံးခွဲတိုက်ခိုက်မှုကြောင့် ဩစတြေးလျတပ်ဖွဲ့ဝင်သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အီရတ်တွင် ဩစတြေးလျတပ်ဖွဲ့ဝင် ၉၀၀ ဖြန့်ချထားရာ ယခုအချိန်အထိ အီရတ်ပြောက်ကျားတို့ တိုက်ခိုက်မှုကြောင့် ဩစတြေးလျတပ်ဖွဲ့ဝင်ကိုးဦး သေဆုံးခဲ့ရပြီဖြစ်သည်။ **အမ်အင်အေ၊အေပီ**

● *ကျောဖုံးမှ*

## တက်ရောက်

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ညောင်ဦးခရိုင်နှင့် ညောင်ဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

## ရှင်းလင်းတင်ပြ

အခမ်းအနားတွင် ရှေးဦးစွာ ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတေဇက ညောင်ဦးခရိုင်နှင့် မြို့နယ်၏ အကျယ်အဝန်း၊ လူဦးရေ၊ နယ်မြေဒေသ အေးချမ်းတည်ငြိမ်မှု၊ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ထိန်းသိမ်းစောင့်ရှောက်နိုင်မှု၊ ကမ္ဘာလှည့်ခရီးသည်များ



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မန္တလေးတိုင်း ညောင်ဦးမြို့ရှိ တပ်မတော်ဧည့်ရိပ်သာ၌ ညောင်ဦးခရိုင်နှင့် ညောင်ဦးမြို့နယ်တို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံပွဲတွင် ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

လာရောက်မှု၊ စိုက်ပျိုးမြေဧကနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှု၊ ဒေသစိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်များစိုက်ပျိုးနိုင်မှု၊ ကျေးလက် ထင်းစိုက်ခင်းအခြေအနေ၊ ကျေးရွာများ၌ ဇီဝဓာတ်ငွေ့ဖြင့် မီးလင်းရေးဆောင်ရွက်နိုင်မှု၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှု၊ လူမှုရေးအသင်းအဖွဲ့များ ဖွဲ့စည်းထားမှု၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ခရိုင်မန်နေဂျာ ဦးသိန်းဇော်က ညောင်ဦးခရိုင်အတွင်း မြစ်ရေတင်စီမံကိန်းများကြောင့် မိုးစပါး၊ နွေစပါး တိုးချဲ့စိုက်ပျိုးနိုင်မှု၊ ဒေသဆန်ဖူလုံမှု၊ ဆီထွက်သီးနှံနှင့် ပဲမျိုးစုံစိုက်ပျိုးနိုင်မှုနှင့် ဆီဖူလုံမှုများကို ရှင်းလင်းတင်ပြသည်။

## ခရီးသည်လာရောက်မှုတင်ပြ

ထို့နောက် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ညွှန်ကြားမှုဦးစီးဌာန ခရိုင်မန်နေဂျာ ဦးဝင်းမောင်က ပုဂံ-ညောင်ဦး၌ ဟိုတယ်၊ မိုတယ်၊ အင်းများ တည်ရှိမှု၊ ကမ္ဘာလှည့်ခရီးသည်များ တိုးချဲ့လာရောက်လည်ပတ်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မေးမြန်းပြီး ဖြည့်စွက်မှာကြားသည်။

## တစ်ဦးချင်းဝင်ငွေမြင့်မားလာရေး

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဆွေးနွေးမှာကြားရာ၌ ညောင်ဦးခရိုင်၌ လူဦးရေ သုံးသိန်းကျော်ရှိကြောင်း၊ စပါးအထွက်မှာ ၁ဒသမ ၇သိန်းခန့်ရှိသဖြင့် စပါးဖူလုံမှုမှာ ၄ဒသမ၆ရာခိုင်နှုန်းသာ ရှိသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် စပါးဖူလုံမှုမြင့်မားလာရေးအတွက် ယခုထက် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ လူတစ်ဦးချင်းဝင်ငွေမှာလည်း အခြားဒေသများနှင့်နှိုင်းယှဉ်က လျော့နည်းနေသေးရာ ယခုထက် မြင့်မားလာအောင် ကြိုးစားကြရန်လိုကြောင်း၊ စီးပွားရေးတိုးတက်မှ နိုင်ငံအေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်မည်ဖြစ်သဖြင့် ပထမကာလတိုလေးနှစ်စီမံကိန်း၊ ဒုတိယကာလတိုငါးနှစ်စီမံကိန်းတို့ကို ဆောင်ရွက်ခဲ့ပြီး ယခုအခါ တတိယကာလတိုငါးနှစ်စီမံကိန်း၏ စတုတ္ထနှစ်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း။

## အစီအမံရှိရှိဆောင်ရွက်

နိုင်ငံတော်အစိုးရအနေဖြင့် ရည်မှန်းချက်ပန်းတိုင်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်ရေးအတွက် အစီအမံရှိရှိ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း မန္တလေးတိုင်း ညောင်ဦးမြို့ရှိ တပ်မတော်ဧည့်ရိပ်သာ၌ ညောင်ဦးခရိုင်နှင့် ညောင်ဦးမြို့နယ်တို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ထို့ပြင် ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိရေးအတွက် ဒီမိုကရေစီအသွင်ကူးပြောင်းရာ၌ ကျင့်သုံးအကောင်အထည်ဖော်သွားမည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် နိုင်ငံရေးဆိုင်ရာမူဝါဒလမ်းစဉ်(၇)ရပ်ကို အတိအလင်းချမှတ်ထားပြီးဖြစ်ကြောင်း။

## စေတနာထား

ထို့ကြောင့် ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်က ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် မူဝါဒလမ်းစဉ်များကို ယုံယုံကြည်ကြည်ဖြင့် ခိုင်ခိုင်မာမာ ရပ်တည်ဆောင်ရွက်သွားကြရန် အရေးကြီးကြောင်း၊ ဝန်ကြီးဌာနအလိုက် ချမှတ်ထားသည့် လုပ်ငန်းတာဝန်များကိုလည်း စေတနာထားပြီး ကျေပွန်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ယင်းသို့ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တိုင်းချစ်ပြည်ချစ်စိတ်ဖြင့် စေတနာထားပြီး ကြိုးကြိုးစားစား ဆောင်ရွက်ကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက မှာကြားရာ၌ မိမိတို့သည် နိုင်ငံတော်အကြီးအကဲ၏ ခရီးစဉ်နှင့်အတူ ပုဂံ-ညောင်ဦးမြို့သို့ ရောက်ရှိစဉ် ယခုကဲ့သို့ ခရိုင်နှင့် မြို့နယ်မှ တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံခြင်းဖြစ်ကြောင်း။

## အခြေတကျဖြစ်

ပုဂံဒေသသည် ရှေးယခင်နှင့်မတူဘဲ ဖွံ့ဖြိုးတိုးတက်လာလျက်ရှိသည်မှာ မျက်ဝါးထင်ထင်ပင်ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ မွန်မြတ်သည့် စေတနာဖြင့် အမြော်အမြင်ကြီးမားစွာ လမ်းညွှန်တာဝန်ပေးမှုများအရ ယခုအခါ ပုဂံဒေသပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းမှာ အရှိန်ရနေပြီဖြစ်သကဲ့သို့ ရှေးဟောင်းပုထိုးစေတီများ ထိန်းသိမ်းပြုပြင်မှုလုပ်ငန်းမှာလည်း အောင်မြင်မှုများဖြင့် အခြေတကျဖြစ်နေကြောင်း။

## တိုးတက်ပြောင်းလဲလာ

ပြည်တွင်း ပြည်ပ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးမှုနှင့်အတူ ဟိုတယ်လုပ်ငန်းများသည်လည်း ဖွံ့ဖြိုးလာလျက်ရှိကြောင်း၊ ပုဂံဒေသ၏ ကျော်ကြားမှုသည် ကမ္ဘာသို့ပျံ့နှံ့လျက်ရှိသည်နှင့်အမျှ ဝန်ဆောင်မှုလုပ်ငန်းများသည် ပုဂံဒေသ၌ ဖွံ့ဖြိုးလျက်ရှိပြီး ပြည်သူများ၏ လူနေမှုအဆင့်အတန်းမှာ များစွာတိုးတက်ပြောင်းလဲလာလျက်ရှိကြောင်း။

ယခုအခါ ငွေကြေးမြောက်မြားစွာ အကုန်အကျခံ၍ ဒေသဖွံ့ဖြိုးရေး၊ စိမ်းလန်းစိုပြည်ရေး၊ ဒေသဆန် ဖူလုံရေးတို့အတွက် ပုဂံ-ညောင်ဦးပတ်ဝန်းကျင်၌ ဧရာဝတီမြစ်ရေတင်စခန်းများကို ထူထောင်ပေးလျက်ရှိရာ ရေရှည်၌ ဒေသခံပြည်သူများအတွက် ကောင်းကျိုးချမ်းသာ ပိုမိုခံစားကြရမှာဖြစ်ကြောင်း။

နိုင်ငံတော်၏စေတနာအပေါ် ဒေသခံပြည်သူများကလည်း မှန်ကန်စွာနားလည်သဘောပေါက်ပြီး အလုပ်ဖြင့်တုံ့ပြန်၍ နိုင်ငံတော်ကို သစ္စာရှိရန်၊ စေတနာထားရှိရန် လိုအပ်ကြောင်း။

## ကြိုးစားလုပ်ကိုင်

နိုင်ငံ့ဝန်ထမ်းများကလည်း မိမိတို့၏ ဌာနလုပ်ငန်းတာဝန်များကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ စေတနာရှိရှိ လုပ်ကိုင်ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ လုပ်ငန်းရှင်များကလည်း လုပ်ပိုင်ခွင့်ရရှိသော မိမိတို့၏ စီးပွားရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ မှန်မှန်ကန်ကန် တိုးတက်အောင်မြင်အောင် ကြိုးစားလုပ်ကိုင်ကြရန်လိုကြောင်း။

နိုင်ငံတော်ကလည်း မနားမနေ အလုပ်လုပ်၊ ပြည်သူများနှင့် ဝန်ထမ်းများကလည်း မိမိတာဝန်ကို ကျေပွန်စွာထမ်းဆောင်ပြီး ဦးထမ်းပဲ့ထမ်းအလုပ်လုပ်ကြရန် အရေးကြီးကြောင်း၊ ယင်းသို့ ဟန်ချက်ညီညီ လုပ်ကိုင်ဆောင်ရွက်သည်နှင့်အမျှ ပုဂံဒေသသည် ပို၍ပို၍ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်းဖြင့် မှာကြားပြီး တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

## မြစ်ရေတင်စခန်းများ ထူထောင်ပေးလျက်ရှိ

- ငွေကြေးမြောက်မြားစွာ အကုန်အကျခံ၍ ဒေသဖွံ့ဖြိုးရေး၊ စိမ်းလန်းစိုပြည်ရေး၊ ဒေသဆန်ဖူလုံရေးတို့အတွက် ပုဂံ-ညောင်ဦးပတ်ဝန်းကျင်၌ ဧရာဝတီမြစ်ရေတင်စခန်းများကို ထူထောင်ပေးလျက်ရှိရာ ရေရှည်၌ ဒေသခံပြည်သူများအတွက် ကောင်းကျိုးချမ်းသာ ပိုမိုခံစားကြရမှာဖြစ်။



## ဓာတုဗေဒကျောင်းသားကျောင်းသူများ အာစရိယပူဇော်ပွဲကျင်းပရေးစည်းဝေး

**ရန်ကုန် ဒီဇင်ဘာ ၂၀**

မန္တလေး ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ၁၉၇၅-၁၉၇၉ခုနှစ် ဓာတုဗေဒကျောင်းသားကျောင်းသူများ၏ ငွေရတုအထိမ်းအမှတ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၁၈ရက် ညနေ ၅နာရီက စခန်းသာဟိုတယ်တွင် ကျင်းပသည်။

ရှေးဦးစွာ ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်(ဇင်ယော်ပလတ်စတစ်)က ရန်ကုန်မြို့သို့ ရောက်ရှိနေကြသော ကျောင်းသားကျောင်းသူ ၄၀တို့အား ပူဇော်ပွဲနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကန်တော့ခံ ဆရာ ဆရာမ ၄၈ဦးတို့အား ပူဇော်ရန် ညှိနှိုင်းဆွေးနွေးကြသည်။ **(ဝဲပုံ)**

အဆိုပါ ငွေရတုအထိမ်းအမှတ် အာစရိယပွဲကို ဒီဇင်ဘာ၂၆ရက် ညနေတွင် Oriental House (မန္တလေး)ခန်းမ၌ ကျင်းပမည်ဖြစ်ပြီး ၁၉၇၅-၁၉၇၉ခုနှစ် ဓာတုဗေဒတွဲ့ရ ကျောင်းသားကျောင်းသူများအနေဖြင့် ဦးစိုးလွင် ဖုန်း-၀၉-၂၀၀၃၈၉၂၊ ဦးအေးမင်း ဖုန်း-၀၂-၆၀၈၈၀၊ ဒေါ်ခင်ညွန့်လွင် ဖုန်း-၀၂-၃၃၉၄၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

# တပ်မတော်က နိုင်ငံတော်တာဝန်ယူပြီးနောက်ပိုင်း ဖွံ့ဖြိုးတိုးတက်မှု စာရင်းဇယားမှန်ကန်စွာ မှတ်တမ်းစာအုပ်ထုတ်ဝေရေးစီစဉ် အချိန်မီပြည့်ပြည့်စုံစုံ၊ မှန်မှန်ကန်ကန်ပြုစုနိုင်ရေး ပူးပေါင်းဆောင်ရွက်

ရန်ကုန် ဒီဇင်ဘာ ၂၀

**ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု မှတ်တမ်းစာအုပ် ရိုက်နှိပ်ထုတ်ဝေရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

ညှိနှိုင်းအစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဝန်ကြီးဌာနအသီးသီးတို့မှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်နယ်နှင့်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးများနှင့် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု မှတ်တမ်းစာအုပ် ရိုက်နှိပ်ထုတ်ဝေရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

## ရှင်းလင်းဆွေးနွေး

ညှိနှိုင်းအစည်းအဝေးတွင် ရှေးဦးစွာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာက မိမိနှင့် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးတို့အား နိုင်ငံတော်အကြီးအကဲက တပ်မတော်က နိုင်ငံတော် တာဝန်ယူခဲ့ပြီးနောက် ဆောင်ရွက်ခဲ့သည့် ဖွံ့ဖြိုးတိုးတက်မှုများကို မှတ်တမ်းမှတ်ရာအဖြစ် ကျန်ရှိအောင် ဆောင်ရွက်ရန်၊ မိမိတို့အနေဖြင့် ပြည်နယ်နှင့်တိုင်းအားလုံး နယ်စပ်ဒေသပါမကျန် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ကြောင့် ၁၉၈၈ခုနှစ် မိမိတို့ တပ်မတော်က နိုင်ငံတော်တာဝန်မယူမီက ပြည်နယ်၊ တိုင်းအလိုက် ရှိပြီးသား ဖွံ့ဖြိုးတိုးတက်မှုများနှင့် ၁၉၈၈ခုနှစ်မှ ၁၂-၂-၂၀၀၅ ရက်နေ့အထိ တပ်မတော်က တာဝန်ယူသည့်ကာလအတွင်း ဖွံ့ဖြိုးတိုးတက်မှုများကို နှိုင်းယှဉ်ဖော်ပြသော ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်မှုများကို တိတိကျကျ မှန်မှန်ကန်ကန်ဖြစ်အောင် စာရင်းဇယား၊ ကိန်းဂဏန်းများဖြင့် မှတ်တမ်းစာအုပ်တစ်အုပ်ထုတ်ဝေပြီး ပြည်သူလူထုတစ်ရပ်လုံးသိရှိအောင် ဖြန့်ဝေဆောင်ရွက်ရန်၊ လိုအပ်သည့်အခါတွင် ရည်ညွှန်းကိုးကားအသုံးပြုနိုင်မည့် Reference Book တစ်ခုဖြစ်အောင် ပြည့်စုံမှန်ကန်ရန်လိုကြောင်း၊ ထို့ကြောင့် ဝန်ကြီးဌာနများ၊ ပြည်နယ်နှင့်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများနှင့် ညှိနှိုင်းဆွေးနွေးဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့ကြောင်း၊ မိမိဝန်ကြီးဌာနရှိ ကိန်းဂဏန်းအချက်အလက်များကိုလည်း ယခုပြုစုမည့် မှတ်တမ်းစာအုပ်အတွက် ကူညီပံ့ပိုးပေးမည် ဖြစ်ကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

## ပူးပေါင်းဆောင်ရွက်

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် ယခုအစည်းအဝေးခေါ်ယူရခြင်းနှင့် ပတ်သက်၍ ဝန်ကြီးဦးစိုးသာက ရှင်းလင်းဆွေးနွေးပြီးဖြစ်ကြောင်း၊ ယနေ့အစည်းအဝေးခေါ်ယူရခြင်းမှာ ၁၉၈၈ခုနှစ် တပ်မတော်က နိုင်ငံတော်တာဝန်မယူမီကာလအထိ ပြည်နယ်နှင့်တိုင်းအလိုက် ဖွံ့ဖြိုးတိုးတက်မှုနှင့် ၁၉၈၈ခုနှစ် တပ်မတော်က တာဝန်ယူပြီးနောက် ၁၂-၂-၂၀၀၅ ရက်နေ့အထိ ပြည်နယ်နှင့်တိုင်းအလိုက် ဆောင်ရွက်ပေးခဲ့သော ဖွံ့ဖြိုးတိုးတက်မှုများကို ကဏ္ဍအသီးသီးတွင် ကိန်းဂဏန်း အချက်အလက်ပြည့်စုံစွာဖြင့် စာရင်းဇယားမှန်ကန်စွာ မှတ်တမ်းစာအုပ် ထုတ်ဝေရေး စီစဉ်ဆောင်ရွက်ရန်နှင့်လိုအပ်သည့် သတင်းများ ထုတ်ပြန်ရန်ဖြစ်ကြောင်း၊ ၎င်းရည်ရွယ်ချက်များ အောင်မြင်စေရန် အချက်အလက်စာရင်းများပြုစုရမည်ဖြစ်၍ နမူနာစာရင်းဇယားများကို မိမိတို့ဝန်ကြီးဌာနက ပြုစုပြီး အစည်းအဝေးသို့ တက်ရောက်လာသူများအား ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ကြောင်း၊ ယင်းစာရင်းဇယားများသည် မိမိတို့က စဉ်းစားလျာထားသည့် အကြံပြုချက်သဘောသာဖြစ်ကြောင်း၊ ဝန်ကြီးဌာနအလိုက် သတ်မှတ်ချက် အမျိုးအစား အခေါ်အဝေါ်များနှင့် ကွဲလွဲမှုများရှိနိုင်ကြောင်း၊ ထို့ကြောင့် ဝန်ကြီးဌာနများက သတ်မှတ်ထားသည့် လုပ်ငန်းပမာဏ၊အမျိုးအစား၊ အရွယ်အစားအလိုက် အခေါ်အဝေါ်တို့ကို လိုအပ်ပါက ပြင်ဆင်ဖော်ပြပေးကြရန်ဖြစ်ကြောင်း၊ ထို့ပြင် ယခုစာရင်းဇယားတွင်မပါဝင်သော်လည်း ပြည်သူများ သိသင့်သည့်အချက်အလက်များ ကျန်ရှိနေပါကလည်း ဖြည့်စွက်ဖော်ပြပေးစေလိုကြောင်း၊ ပြည်နယ်နှင့် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများအနေဖြင့်လည်း အလားတူပင်ဖြစ်ကြောင်း၊ အချို့အချက်အလက်များမှာ ပြည်နယ်နှင့်တိုင်းများက မသိနိုင်သော်လည်း ဝန်ကြီးဌာနများက ပေးပို့သည့် စာရင်းဇယားများတွင် ပါသွားမည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုအချက်အလက်များ ပေးပို့ရာတွင် ၁၉၈၈ခုနှစ် နိုင်ငံတော်တာဝန်ယူပြီးနောက် ၁၉၈၈ခုနှစ်မှ ၁၂-၂-၂၀၀၅ ရက်နေ့အတွင်း လုံးဝပြီးစီးပြီး ဖြစ်သည့် ဖွံ့ဖြိုးတိုးတက်မှုများ၊ ၁၂-၂-၂၀၀၅ ရက်နေ့တွင် ပြီးစီးမည် မဟုတ်သေးသော်လည်း ဆောင်ရွက်ဆဲ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ၊ ယခုအချိန်တွင် လုပ်ငန်းမစတင်သေးသော်လည်း နိုင်ငံတော်အကြီးအကဲနှင့် တာဝန်ရှိသူများက လုပ်ငန်းအကောင်အထည်ဖော်ရန် စာဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ ညွှန်ကြားထားပြီးသော လုပ်ငန်းများ၊ အခြားလျာထားသောလုပ်ငန်းများစသဖြင့် အားလုံးပါဝင်အောင် ဖော်ပြပေးရန်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုများကို ပြည်နယ်နှင့်တိုင်းအလိုက် ပြုစုပေးရန်ဖြစ်ကြောင်း၊ ပြည်နယ်နှင့်တိုင်းများမှ စာရင်းဇယားများနှင့် ဝန်ကြီးဌာနများမှ ပေးပို့သောစာရင်းဇယားများကို နှိုင်းယှဉ်ပြီး နောက်ဆုံးအခြေအနေမှန်ရအောင် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အားလုံးက ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းကြောင်းဖြင့် ပြောကြားသည်။

## တင်ပြဆွေးနွေး

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်းက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုမှတ်တမ်းစာအုပ်တွင် ထည့်သွင်းဖော်ပြမည့် ဖွံ့ဖြိုးတိုးတက်မှု စာရင်းဇယားများ ပေးပို့နိုင်ရေးကို အသေးစိတ် ရှင်းလင်းတင်ပြဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသော ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ပြည်နယ်နှင့်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးများက မှတ်တမ်းစာအုပ်အတွက် လိုအပ်သည်များကို ဖြည့်စွက်တင်ပြဆွေးနွေးကြပြီး မရှင်းလင်းသည်များကို မေးမြန်းကြရာ ဝန်ကြီးများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ထို့ကြောင့် ဝန်ကြီးဌာနများနှင့် ပြည်နယ်နှင့်တိုင်းများမှ စာရင်းဇယားများကို ၅-၁-၂၀၀၅ ရက်နေ့ မတိုင်မီအရောက် ပေးပို့ကြစေလိုကြောင်း၊ ၅-၁-၂၀၀၅ ရက်နေ့မှ ၂၀-၁-၂၀၀၅ ရက်နေ့အတွင်း ဝန်ကြီးဌာနများနှင့် ပြည်နယ်နှင့်တိုင်းများမှ စာရင်းဇယားများကို နှိုင်းယှဉ်ပြီး စာရင်းဇယားများကို ပြီးစီးအောင် ပြုစုရမည်ဖြစ်ကြောင်း၊ လိုအပ်ပါက ဝန်ကြီးဌာနများနှင့် ပြည်နယ်နှင့်တိုင်းများမှ တာဝန်ရှိသူများအား ဖိတ်ကြားခေါ်ယူညှိနှိုင်း အတည်ပြုမည်ဖြစ်ကြောင်း၊ သို့ပါ၍ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အတိုင်း အချိန်မီ ပြည့်ပြည့်စုံစုံ၊ မှန်မှန်ကန်ကန်၊ တိတိကျကျပြုစုနိုင်ရေး တာဝန်ရှိသူ

ယင်းနောက်အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့က တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်စွက်မှာကြားကြပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**



**ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ စာကြည့်တိုက်ပညာဆင့်ပွားသင်တန်း ၁/၂၀၀၄ သင်တန်းဆင်းပွဲကို နိုဝင်ဘာ ၄ ရက်က အလက(၄)တွင် ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်ချိုချိုလတ်က သင်တန်းတွင် ပထမဆု ရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။** (က-ပ)

## ဇီဝိတဒါန သံဃာ့ဆေးရုံကြီး နိဗ္ဗာန်ဈေး အလှူမင်္ဂလာပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၀**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ်ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော နိဗ္ဗာန်ဈေး အလှူမင်္ဂလာပွဲကို (၁၅)ကြိမ်မြောက်အဖြစ် ဒီဇင်ဘာ ၂၆ရက်(တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ဖွင့်လှစ်မည်ဖြစ်သည်။

နိဗ္ဗာန်ဈေးတွင် စားသောက်ဖွယ်ရာများ၊ ဆေးဝါးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများကို အရောင်းဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချမည်ဖြစ်ပြီး ရောင်းရငွေများကို သံဃာ့ဆေးရုံကြီးသို့ ပြန်လည်လှူဒါန်းကြမည်ဖြစ်သည်။

ထို့ပြင်ကလေးများအတွက် ပျော်ရွှင်စရာကစားနည်းများ ပါဝင်မည်ဖြစ်ပြီး ကြွရောက်လာသူများအားအဆိုတော်များက မြန်မာသံစဉ်တေးဂီတများဖြင့် သီဆိုဖျော်ဖြေကြမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**



**ရန်ကုန်မြို့ အလုံမြို့နယ် ဆင်မင်းရပ်ကွက် ကမ်းနားလမ်းအမှတ် ၉ နေ ကွယ်လွန်သူ ဦးရှိန်အားရည်စူး၍ အိုလံပစ်တာဝါနေ ဒေါ်ဟိုက်မိသားစုတို့က ဆွမ်းပဒေသာပင်နှင့် သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ်တစ်သိန်းငါးသောင်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးချစ်မြိုင်ထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)



## လမ်းညွှန်မှာကြား

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ညောင်ဦးမြို့ ကျောက်ကူးလျှပ်စစ်မြစ်ရေတင် စီမံကိန်းလုပ်ငန်းခွင် ရှင်းလင်းဆောင်၌ တာဝန်ရှိသူများအား လမ်းညွှန်မှာကြားစဉ်။**
(သတင်းစဉ်)

## လောကနန္ဒာမြစ်ရေတင်လုပ်ငန်းတိုင်းတာရေးမြေပုံ

**မန္တလေးတိုင်း ညောင်ဦးမြို့နယ် လောကနန္ဒာ မြစ်ရေတင်လုပ်ငန်း တိုင်းတာရေးမြေပုံကို တွေ့ရစဉ်။** (သတင်းစဉ်)



### ✡ ရှေ့ဖုံးမှ

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား ပုဂံ–ညောင်ဦးလေဆိပ်တွင် သမဝါယမဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်း၊ အမှတ်(၈၈)ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်၊ ကျောက်ပန်းတောင်းတပ်နယ်မှ ဗိုလ်မှူးချုပ်သန်းထွန်း၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

### ရောက်ရှိ

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ညောင်ဦးမြို့နယ်ရှိ လောကနန္ဒာလျှပ်စစ်မြစ်ရေတင် စီမံကိန်းသို့ ရောက်ရှိကြသည်။

### လက်ရှိရေစီးဆင်းမှုရှင်းလင်း

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက လောကနန္ဒာ လျှပ်စစ်မြစ်ရေတင်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု၊ မြစ်ရေဖြင့် ဒေသတွင်း မိုးစပါးစတင်စိုက်ပျိုးနိုင်မှုနှင့် ဧရာဝတီမြစ်ကြောင်း၏ လက်ရှိရေစီးဆင်းမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရွှေက လောကနန္ဒာ မြစ်ရေတင်စီမံကိန်း၌ ရေတင်အဆင့် ခုနစ်ဆင့်ဖြင့် ဧရာဝတီမြစ်ရေကို အဆင့်ဆင့်တင်သွားမည့်အစီအစဉ်များ၊ မြောင်းမကြီးနှင့် လက်တံမြောင်း ၁၂ခု ပြီးစီးမှုများ၊ ရေစုပ်စက် ၄၂လုံး တပ်ဆင်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်ခင်က ဧရာဝတီမြစ် မြစ်ကြောင်းပြောင်းလဲမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

## အကောင်အထည်ဖော်ဆဲနှင့်ဆက်စပ်အကောင်အထည်ဖော်မည့် မြစ်ရေတင်စီမံကိန်းများ

- ညောင်ဦးမြို့နယ်၌ လောကနန္ဒာ လျှပ်စစ်မြစ်ရေတင်စီမံကိန်းနှင့် ကျောက်ကူးလျှပ်စစ်မြစ်ရေတင်စီမံကိန်းတို့အပြင် လက်ပံချီပေါ်၊ ငါ့သရောက်နှင့် သူကောင်းတည်လျှပ်စစ်မြစ်ရေတင် စီမံကိန်းတို့ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ၊
- မြင်းခြံမြို့နယ်၌ ဆီမီးခုံ(၂) တိုးချဲ့လျှပ်စစ်မြစ်ရေတင် စီမံကိန်းနှင့် ဆိတ်ညံ့လျှပ်စစ်မြစ်ရေတင်စီမံကိန်း၊ တောင်သာမြို့နယ်၌ ကျောဇီလျှပ်စစ်မြစ်ရေတင်စီမံကိန်း၊ ငါန်းဇွန်မြို့နယ်၌ ရွာသစ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းနှင့် ငန်းမြှာလျှပ်စစ်မြစ်ရေတင်စီမံကိန်းတို့ကိုလည်း ဆက်စပ်အကောင်အထည်ဖော်။



**ညောင်ဦးမြို့နယ်ရှိ လောကနန္ဒာ လျှပ်စစ်မြစ်ရေတင် စီမံကိန်း၏ ပင်မမြစ်ရေတင်နေရာကို တွေ့ရစဉ်။** (သတင်းစဉ်)

# နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လောကနန္ဒာနှင့်ကျောက်ကူးမြစ်ရေတင်စီမံကိန်းများစစ်ဆေး

# လောကနန္ဒာစီမံကိန်းက ဧက ၁၁၀၀၀နှင့် ကျောက်ကူးစီမံကိန်းက ဧက ၃၀၀၀ တစ်နှစ်ပတ်လုံးရေတင်စိုက်ပျိုးနိုင်မည်





## ရှင်းလင်းတင်ပြ

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေအား ညောင်ဦးမြို့နယ်ရှိ လောကနန္ဒာလျှပ်စစ်မြစ်ရေတင်စီမံကိန်း ရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက လောကနန္ဒာမြစ်ရေတင်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)

### ဖြည့်စွက်ရှင်းလင်း

ဆက်လက်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က မြစ်ရေတင်စီမံကိန်းများအတွက် လျှပ်စစ်ဓာတ်အားပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင် စိုက်ပျိုးလုပ်ကိုင်ရာ၌ ရေရရှိပြီး အဆင်ပြေပြေလုပ်ကိုင်နိုင်ကာ ဒေသခံပြည်သူများ၏ ဝင်ငွေတိုးပွားလာအောင်၊ ထို့ပြင် ဒေသစိမ်းလန်းစိုပြည်လာအောင် ယခုကဲ့သို့ မြစ်ရေတင်စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

### အလေးထားအကောင်အထည်ဖော်

ဧရာဝတီမြစ်ရိုးတစ်လျှောက်၌ ရေနီးသော်လည်း ရေရရှိရန် အခက်အခဲများစွာရှိနေကြရာ ဤမြစ်ရေတင်စီမံကိန်းများသည် ရေရရှိရေးအတွက် သေချာသည့် ထွက်ပေါက်ဖြစ်ရုံသာမက ဒေသခံတောင်သူလယ်သမားများအတွက် အလေးအနက် ထားရှိဆောင်ရွက်ပေးနေသည့် စီမံကိန်းအဖြစ် နားလည်ခံယူပြီး မြစ်ရေတင်စီမံကိန်းများကို ရည်မှန်းထားသည့်အတိုင်း ဖြစ်မြောက်အောင်မြင်စေအောင် အလေးထား အကောင်အထည်ဖော်ကြရန် လိုကြောင်း။

### လမ်းညွှန်မှာကြား

**မြစ်ရေနှင့်သဘာဝ မိုးရေပေါင်းစပ်ပြီး မြစ်ရေတင် ရေသောက်ဧရိယာအားလုံး၌ ဖြစ်နိုင်သမျှ မိုးရာသီတွင် စပါးတစ်သီး မဖြစ်မနေစိုက်ပျိုး၍ ကျန်ရာသီ၌ ဝါ၊ ဆီထွက်သီးနှံစသည့် ဖြစ်ထွန်းအောင်မြင်နိုင်သော စိတ်ကြိုက်သီးနှံများကို စိုက်ပျိုးသွားကြခြင်းဖြင့် ဒေသတွင်းဆန်ဖူလုံစေရေးနှင့် ဝင်ငွေတိုးပွားရေးကို လက်တွေ့အကျိုးပြုစေမှာဖြစ်ကြောင်းဖြင့်** လမ်းညွှန်မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် လောကနန္ဒာ လျှပ်စစ်မြစ်ရေတင်စီမံကိန်း၏ ပင်မမြစ်ရေတင်နေရာကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍လျှပ်စစ်ဓာတ်အားထိန်းချုပ်ရုံကို ကြည့်ရှုစစ်ဆေးကြသည်။

### တစ်နှစ်ပတ်လုံးစိုက်ပျိုးနိုင်ရန်ရည်ရွယ်

လောကနန္ဒာ လျှပ်စစ်မြစ်ရေတင်စီမံကိန်းကို ညောင်ဦးမြို့နယ် အနောက်ခြမ်းဒေသမှ ဧက ၁၁၀၀၀ ကို တစ်နှစ်ပတ်လုံး ရေတင်စိုက်ပျိုးနိုင်ရန် ရည်ရွယ်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် လောကနန္ဒာလျှပ်စစ်မြစ်ရေတင်စီမံကိန်းမှတစ်ဆင့် ညောင်ဦးလေယာဉ်ကွင်း အရှေ့ဘက်ဝန်းကျင်ဒေသ၌ စိုက်ပျိုးရေပေးဝေနိုင်ရေး ဆောင်ရွက်မည့် ကျောက်ကူးလျှပ်စစ်မြစ်ရေတင် စီမံကိန်းသို့ ရောက်ရှိကြသည်။

### ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား စီမံကိန်း ရှင်းလင်းဆောင်၌ ဝန်ကြီးဗိုလ်ချုပ်ဌေးဦးက ကျောက်ကူးလျှပ်စစ်မြစ်ရေတင်စီမံကိန်းနှင့်စပ်လျဉ်း၍ ပဏာမရှင်းလင်းတင်ပြပြီး ညွှန်ကြားရေးမှူးချုပ်ဦးဝင်းရွှေက စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မြစ်ရေတင်စီမံကိန်းများ ထိရောက်အောင်မြင်စေရန် လမ်းညွှန်မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ပင်မမြစ်ရေတင်မည့်နေရာနှင့် ဧရာဝတီမြစ်ရေစီးကြောင်း အခြေအနေကို ကြည့်ရှုကြသည်။

### နမူနာပြသ

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် တာဝန်ရှိသူများက ပင်မမြောင်းနှင့် လက်တံမြောင်းများ၌ အသုံးပြုသွားမည့် ဘိလပ်မြေနှင့် ပိုဗိုလန်ရောစပ်ထားသော ကျောက်ပြားနမူနာများကို ရှင်းလင်းပြသကြသည်။

ကျောက်ကူးလျှပ်စစ်မြစ်ရေတင် စီမံကိန်းကို ၂၀၀၅ ခုနှစ် အောက်တိုဘာလခန့်တွင် ပြီးစီးအောင် ဆောင်ရွက်သွားရန် စီမံလျက်ရှိပြီး ဧက ၃၀၀၀ ကို တစ်နှစ်ပတ်လုံး ရေတင်စိုက်ပျိုးသွားနိုင်မည့် စီမံကိန်းဖြစ်သည်။

### ရည်မှန်းချက်ထား

ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသစိမ်းလန်းစိုပြည်ရေး၊ ဒေသတွင်းဆန်ဖူလုံရေး၊ ရေရှည်တွင် ဒေသခံပြည်သူများ၏ လူနေမှုဘဝ မြင့်မားတိုးတက်လာရေးတို့အတွက် ရည်မှန်းချက်ထားပြီး ဧရာဝတီမြစ်၌ လျှပ်စစ်မြစ်ရေတင်စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ညောင်ဦးမြို့နယ်၌ လောကနန္ဒာ လျှပ်စစ်မြစ်ရေတင်စီမံကိန်းနှင့် ကျောက်ကူးလျှပ်စစ်မြစ်ရေတင်စီမံကိန်းတို့အပြင် လက်ပံချီပေါ်၊ ငါ့သရောက်နှင့် သူကောင်းတည် လျှပ်စစ်မြစ်ရေတင် စီမံကိန်းတို့ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိသည်။

ထို့အပြင် မြင်းခြံမြို့နယ်၌ ဆီမီးခုံ(၂) တိုးချဲ့လျှပ်စစ်မြစ်ရေတင် စီမံကိန်းနှင့် ဆိတ်ညံ လျှပ်စစ်မြစ်ရေတင်စီမံကိန်း၊ တောင်သာမြို့နယ်၌ ကျောဇီ လျှပ်စစ်မြစ်ရေတင်စီမံကိန်း၊ ငါန်းဇွန်မြို့နယ်၌ ရွာသစ် လျှပ်စစ်မြစ်ရေတင်စီမံကိန်းနှင့် ငန်းမြာလျှပ်စစ်မြစ်ရေတင်စီမံကိန်းတို့ကိုလည်း ဆက်စပ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

**(သတင်းစဉ်)**

**မန္တလေးတိုင်း ညောင်ဦးမြို့နယ် လောကနန္ဒာ မြစ်ရေတင်လုပ်ငန်းတိုင်းတာရေးမြေပုံကိုတွေ့ရစဉ်။** (သတင်းစဉ်)




## ရန်ကုန်၊မန္တလေးပန်တျာကျောင်းညနေပိုင်းသင်တန်းအတွက်သင်တန်းသားသစ်ခေါ်ယူ

**ရန်ကုန် ဒီဇင်ဘာ ၂၀**

ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန ရန်ကုန်ပန်တျာကျောင်းနှင့် မန္တလေးပန်တျာကျောင်းတို့တွင် မြန်မာဂီတာ၊ ဒုံမင်း၊ မယ်ဒလင် ညနေပိုင်းသင်တန်းများကို ၂၀၀၅ခုနှစ် ဇန်နဝါရီ၃ရက်တွင် ဖွင့်လှစ်မည်ဖြစ်၍ တက်ရောက်သင်ကြားလိုသူများ လျှောက်ထားနိုင်သည်။

လျှောက်ထားသူများသည် အသက် (၁၂)နှစ်ပြည့်ပြီးသူများဖြစ်ရမည် ဖြစ်သည်။ သင်တန်းချိန်မှာ ညနေ ၄နာရီမှ ၅နာရီခွဲအထိဖြစ်သည်။ အသေးစိတ်အရည်အချင်းသတ်မှတ်ချက်နှင့် လျှောက်လွှာပုံစံများကို ရန်ကုန်နှင့် မန္တလေး ပန်တျာကျောင်းများတွင် စုံစမ်းရယူနိုင်သည်။

လျှောက်ထားသူများသည် ညွှန်ကြားရေးမှူး သုတေသနနှင့် လေ့ကျင့်ရေးဌာနခွဲ အနုပညာဦးစီးဌာန အမှတ်(၁၃၁) ကမ္ဘာအေးစေတီလမ်း ရန်ကုန်မြို့သို့ ဒီဇင်ဘာ၃၁ရက် နောက်ဆုံးထားပေးပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## သီတဂူအထူးတရားပွဲ

**ရန်ကုန် ဒီဇင်ဘာ ၂၀**

ကမ္ဘာ့ဗုဒ္ဓသာသနာပြု သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိ သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ (D.Litt) ၏ အထူးတရားပွဲကို တောင်ဥက္ကလာပမြို့နယ် (၁၄/၂) ရပ်ကွက် မိုးစွေလမ်း ဇမ္ဗူသီရိကျောင်း၌ ဒီဇင်ဘာ၃၀ရက် ညတွင် တရားဟောကြားမည်ဖြစ်ကြောင်း သိရသည်။

**(က–ပ)**

# နိုင်ငံတကာအဆင့်မီ ကရဝိက်-ကန်တော်ကြီး သဘာဝအပန်းဖြေဥယျာဉ်

သောင်းဝင်းဗိုလ်

ရန်ကုန်မြို့တော်ကို နိုင်ငံတကာအဆင့်မီ မြို့တော်အဖြစ် အဆင့်မြှင့်တင်ရေးအတွက် စီမံချက်များချမှတ်ကာ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည်။ ရန်ကုန် မြို့တော်၏ အဓိကကျသောလမ်းကျဉ်းများကို လမ်းကျယ်များအဖြစ်သို့ လည်းကောင်း၊ အဝိုင်းပတ်လမ်းများကိုလည်း တိုးချဲ့ကာ တင့်တယ်လှပသော ပန်းခင်းများဖြင့် အလှဆင်၍လည်းကောင်း တိုးချဲ့ပြုပြင်ဆောင်ရွက်ခဲ့ပြီး ဖြစ်သည်။

ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ်ပတ်ဝန်းကျင်နှင့် တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)တို့ကို ဘက်စုံအဆင့်မြှင့် တည်ဆောက်ရေးအတွက် စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်လာခဲ့ရာ ယခုအခါ ရုပ်လုံးပေါ်ကာ လုပ်ငန်းအားလုံးပြီးစီးလုနီးပါး အခြေအနေသို့ ရောက်ရှိနေပြီဖြစ်ကြောင်း တွေ့မြင်ရသည်။

ကန်တော်ကြီးပတ်ဝန်းကျင် ဘက်စုံအဆင့်မြှင့် တည်ဆောက်ရေးလုပ်ငန်းများကို နိုင်ငံတကာအဆင့်မီ အပန်းဖြေဥယျာဉ်ကြီးအတွင်း အပန်းဖြေအနားယူနိုင်ကြရန်နှင့် ကမ္ဘာလှည့်ခရီးသွားများကိုပါ ဆွဲဆောင်မှုရှိစေရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အလောင်းမင်းတရားကြီး ရန်ကုန်မြို့ကို စတင်တည်ထောင်ချိန် ၁၇၅၅ ခုနှစ်အထိ ကန်တော်ကြီးသည် တောင်ကုန်းတောင်တန်းကလေးများကြားမှ ရေကန်ငယ်လေးတစ်ခုအဖြစ်သာ ရှိခဲ့သည်။ ဘိုးတော်ဘုရား လက်ထက် ၁၈၁၂ ခုနှစ် နောက်ပိုင်းတွင် ကန်တော်ကြီးအဖြစ် ပီပီပြင်ပြင် ပေါ်ပေါက်လာခဲ့ပြီး အပန်းဖြေရာ နေရာတစ်ခုဖြစ်ခဲ့ကြောင်း လေ့လာမှတ်သားခဲ့ရသည်။

ယခုအခါ အများပြည်သူ အပန်းဖြေနိုင်ရေးအတွက် ကမ္ဘာ့အဆင့်မီ ဥယျာဉ်ကြီးအဖြစ် ဇုန်လေးဇုန်ခွဲခြားသတ်မှတ်ပြီး တစ်ပြိုင်တည်း ဆောက်ရွက်စေခဲ့ခြင်းဖြစ်သည်။

ဇုန်(၁) Relaxation Zone ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက လည်းကောင်း၊ ဇုန်(၂) Central Forest Zone ကို သစ်တောရေးရာဝန်ကြီး ဌာနကလည်းကောင်း၊ ဇုန်(၃) Education Zone ကို လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာနတို့က ပူးပေါင်းတာဝန်ယူ၍လည်းကောင်း၊ ဇုန်(၄) Recreation Zone ကို



**ကရဝိက်-ကန်တော်ကြီး သဘာဝဥယျာဉ်အတွင်းမှ တောတောင်သဘာဝအတိုင်း ခံစားနိုင်မည့် ဝက်ဝံနှင့် ဒေါင်းတို့ ပျော်စံရာနေရာတစ်ခု။** (ဓာတ်ပုံ-သောင်းဝင်းဗိုလ်)

တိုင်းရင်းသားလုပ်ငန်းရှင် ဇေကမ္ဘာကုမ္ပဏီမှ ကရဝိက်နန်းတော် တစ်ဝိုက် (ယခင် ပျော်ပွဲရွှင်ပွဲ ကျင်းပသည့်နေရာအပါအဝင်)တွင် ကရဝိက်-ကန်တော်ကြီး သဘာဝအပန်းဖြေဥယျာဉ်အဖြစ် လည်းကောင်း အသီးသီးတာဝန်ယူ တည်ဆောက်ခဲ့သည်။

စီမံကိန်းတစ်ခုလုံးပြီးစီးနေသော ဇုန် (၄) ကရဝိက်-ကန်တော်ကြီးသဘာဝဥယျာဉ်ကို သွားရောက်လေ့လာခဲ့ရာ သိမ်ဖြူအားကစားကွင်းအနီးရှိ ဝင်ပေါက်သို့ ရောက်ရောက်ချင်း ရန်ကုန်မြို့တွင် ရှားရှားပါးပါးမြင်ရခဲသည့် ရေတံခွန်၏ ဆွဲဆောင်မှုများကို တွေ့ရှိခံစားရသည်။ သံချပ်ကာကုန်းပေါ်မှတစ်ဆင့် ကျဆင်းလာသော ရေအလျဉ်နှင့် လှပစွာဖန်တီးထားမှုများကလည်း အနုပညာ မြောက်လှသည်။

သံချပ်ကာကုန်းပေါ်တွင် ယခင်က သဘာဝအတိုင်းရှိနေပြီးဖြစ်သည့် သစ်ပင်ကြီးများအကြားမှာ အလှပန်းများ ဝေဝေဆာဆာဖြင့် ပန်းမြိုင်လယ်ပန်းခင်းကြီးက ရှုမငြီးရှုမဝနိုင်စရာ။ အနိမ့်အမြင့် ကမူလေးများနှင့်အတူ အနုပညာမြောက်စွာ ထုဆစ်ထားသော မြန်မာမှု ကျောက်ထွင်းအနုပညာလက်ရာတို့က မြင်ကွင်းကို အသွင်ဆန်းစေသည်။

ဝင်ဝင်ချင်း ယခင်က ရေသဘင်ပွဲတော် ကျင်းပသည့် နေရာတွင် **View Deck ရှုခင်းကြည့် စင်မြင့်ကျယ်ကြီးကို ပျဉ်းကတိုးသားများဖြင့် အခိုင်အခံ့ ပြုလုပ်ထားရာ လာရောက်ကြသော ကမ္ဘာလှည့်ခရီးသွား နိုင်ငံခြားသားများ အကြိုက် မြင်ကွင်းအကျယ်အလှတွင် ကန်တော်ကြီးရေပြင်ကို ဝေ့ဝိုက်တိုက်ခတ်လာသော လေနုအေးများနှင့်အတူ ရွှေတိဂုံစေတီတော်မြတ်နှင့် ကရဝိက်နန်းတော်၏ မြင်ကွင်းများက ကမ္ဘာလှည့်ခရီးသွားများအတွက် အလှအယက် ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးရာ နေရာတစ်ခုဖြစ်လာခဲ့**သည်။

ထိုမှတစ်ဆင့်သွားသော် ရှားပါးသော ငန်းနက်တို့ပျော်စံရာ ရေကန်သာ၊ အပျော်စီးလှေဆိပ်နှင့် စွန်ဝါသနာရှင်များအတွက် ရေပြင်ပေါ်တွင် အနှောင့်အယှက်ကင်းစွာ စွန်လွှတ်ကစားနိုင်သည့် စွန်လွှတ်စင်က လူကြီးလူငယ်မရွေး အကြိုက်တွေ့စေမည် ဖြစ်သည်။

ကရဝိက်နန်းတော်၏ အဝင်ဝရှေ့တည့်တည့်ရှိ ကုန်းမြင့်တွင် တောတောင်သဘာဝအတိုင်း ဖန်တီးထားသော တိရစ္ဆာန်ဥယျာဉ် အငယ်စားလေးတွင် ပြည်နယ်တိုင်း အသီးသီး၌ရှိသည့် ငှက်မျိုးစုံကို တစ်စုတစ်ဝေးတည်း မြင်တွေ့နိုင်စေရန် ဖန်တီးထားသည်။ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မန္တလေးတိုင်းတို့မှာသာ တွေ့ရမြင်ရသော ကျေးငှက်များကို တစ်စုတစ်ဝေးတည်း တွေ့မြင်ကြည့်ရှုလေ့လာနိုင်သည်။ မြင်ရခဲ၊ တွေ့ရခဲသည့် ငှက်များကို မြင်တွေ့နိုင်ရုံမက လူနဲ့တွဲ၍ လည်ပင်းဖက်၍ ဓာတ်ပုံရိုက်နိုင်သော ကျားလိမ္မာ နှစ်ကောင်က ထိုင်း-မြန်မာ ချစ်ကြည်ရေးအသင်း၏ အစီအစဉ်ဖြင့် မကြာမီ ရောက်ရှိလာတော့မည်ဖြစ်ကြောင်း ဇေကမ္ဘာကုမ္ပဏီ လီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်ဇေဇင်လတ်က ရှင်းပြသည်။



**ပျော်ရွှင်စရာ ကလေးကစားကွင်းမှာ ကလေးငယ်တို့ ဤသို့လွတ်လပ်ပျော်ရွှင်စွာကစားနိုင်ကြသည်။** (ဓာတ်ပုံ-သောင်းဝင်းဗိုလ်)

ဆက်လက်၍ “ကရဝိက် ကန်တော်ကြီး သဘာဝဥယျာဉ်မှာ အပန်းဖြေရင်း Picture With Animal လို့အမည်ပေးထားတဲ့ သဘာဝတိရစ္ဆာန်ဥယျာဉ်ငယ်မှာ ဝက်ဝံ၊ ဒေါင်း၊ သမင်၊ လိပ်၊ ငှက်ကုလားအုပ်ကြီးများနဲ့ လွတ်လွတ်လပ်လပ် ရင်းနှီးစွာထိတွေ့နိုင်အောင် စီစဉ်ထားပါတယ်။ ပျံသန်းနေတဲ့ ငှက်တွေကြားမှာ သွားလာလို့ရအောင်လည်း ဖန်တီးထားပါတယ်။ အမှတ်တရ ဓာတ်ပုံရိုက်နိုင်အောင်လည်း ရုပ်ရှင်သရုပ်ဆောင် ဓာတ်ပုံပညာရှင် အကယ်ဒမီလွင်မိုးရဲ့ ဇန်ဓာတ်ပုံဆိုင်က အသင့်ဖွင့်ထားပြီး ဖြစ်ပါတယ်”

“ဒီလုပ်ငန်းကြီးတစ်ခုလုံးကို အုပ်ချုပ်စီမံဖို့ ဖေဖေက လွှဲအပ်ထားတာမို့ လူငယ်တွေကြိုက်မယ့် အစီအစဉ်တွေကို လူငယ်များရဲ့ အတွေးအခေါ်များနဲ့ စီစဉ်ထားမှုတွေလည်း သီးခြားရှိနေပါသေးတယ်။ ဥပမာ- လူငယ်အကြိုက် တေးဂီတဖျော်ဖြေမှုတို့၊ လွတ်လပ်ပျော်ရွှင်ရတဲ့ ဈေးပွဲတော်တို့ကိုလည်း စနေ၊ တနင်္ဂနွေတွေမှာ ပြုလုပ်ပေးသွားမှာပါ။ နေ့စဉ် ညနေတိုင်းမှာတော့ တေးဂီတဆို-တီး ဖျော်ဖြေမှုရှိနေပြီး ကလေးငယ်များအတွက် ခေတ်မီကလေးကစားကွင်းနဲ့ ဉာဏ်ပညာဖွံ့ဖြိုးစေမယ့် ခေတ်မီကစားနည်းတွေပါ စီစဉ်ထားပါတယ်”

“စနေ၊ တနင်္ဂနွေနေ့ ညနေပိုင်းတွေမှာတော့ မျက်လှည့်၊ ဆပ်ကပ်၊ တိရစ္ဆာန်များရဲ့ စွမ်းရည်ပြပွဲ၊ မြန်မာ့ ရိုးရာ ရှင်လောင်းလှည့်ပွဲ၊ အငြိမ့်ပွဲ၊ စင်တင်တေးဂီတဖျော်ဖြေမှုနဲ့ တိုင်းရင်းသားရိုးရာ အဆိုအကများကိုပါ မြင်တွေ့ကြရမှာပါ”

“ကမ္ဘာလှည့်ခရီးသွားအဖွဲ့တွေက နေ့စဉ် ညတိုင်း ကရဝိက်နန်းတော်ရဲ့ မြန်မာမှု၊ မြန်မာ့အစားအစာနဲ့ မြန်မာအကတွေကို လေ့လာခံစားရင်း ကရဝိက်-ကန်တော်ကြီး သဘာဝဥယျာဉ်ရဲ့ ဖန်တီးထားမှုတွေကလည်း ကမ္ဘာလှည့်ခရီးသည်တွေ နှစ်ခြိုက်စေဖို့အတွက်ကို ဆွဲဆောင်ရန်လည်း ရည်ရွယ်ထားပါတယ်”ဟူ၍ ရှင်းလင်းပြောပြသည်။

ကရဝိက်-ကန်တော်ကြီးသဘာဝဥယျာဉ်ကြီးကို ကျပ်ငွေသိန်းပေါင်း ၉၀၀၀ ကျော် ရင်းနှီးမြှုပ်နှံ၍ မျိုးချစ်စိတ်ဓာတ်ကိုအခြေခံကာ မြန်မာမှုများကို ဦးစားပေး တည်ဆောက်ထားပြီး မြန်မာတို့ ဂုဏ်ယူစရာ မြင်ကွင်းများကို တွေ့မြင်ခံစားနိုင်ရန် ရည်ရွယ်ထားကြောင်း သိရှိရသည်။

ကရဝိက်-ကန်တော်ကြီး ဥယျာဉ်ကြီးအတွင်းမှာ အပန်းဖြေ အနားယူရင်း တိုင်းရင်းသားလူမျိုးများ၏ လက်ရာ၊ လက်မှုပညာ ပစ္စည်းအရောင်းဆိုင်၊ တိုင်းရင်းသားရိုးရာ အစားအစာများ အရောင်းဆိုင်၊ မြန်မာနိုင်ငံ၏ ဒေသအသီးသီးမှ နာမည်ကြီးအစားအစာများ အရောင်းဆိုင်၊ မြန်မာ့ရိုးရာ မုန့်ပဲသရေစာအမျိုးမျိုး အရောင်းဆိုင်များနှင့်အတူ တိုင်းရင်းသားရိုးရာ အကပဒေသာများ၊ တိုင်းရင်းသား ဝတ်စုံအရောင်းဆိုင်များ၊ ပျော်ရွှင်စရာကလေးကစားကွင်းနှင့် ကလေးကစားစရာ အရုပ်အမျိုးမျိုးဆိုင်၊ လက်ဆောင်ပစ္စည်း အရောင်းဆိုင်များပါ စုံလင်စွာရှိနေသည့်အတွက် တာဝန်ယူတည်ဆောက်သူ၏ စိတ်ကူးနှင့်စေတနာကို လေးစားမိပါ၏။

View Deck ရှုခင်းကြည့် စင်မြင့်ကျယ်ကြီးကို ပျဉ်းကတိုးသားများဖြင့် အခိုင်အခံ့ ပြုလုပ်ထားရာ လာရောက်ကြသော ကမ္ဘာလှည့်ခရီးသွား နိုင်ငံခြားသားများ အကြိုက် မြင်ကွင်းအကျယ်အလှတွင် ကန်တော်ကြီးရေပြင်ကို ဝေ့ဝိုက်တိုက်ခတ်လာသော လေနုအေးများနှင့်အတူ ရွှေတိဂုံစေတီတော်မြတ်နှင့် ကရဝိက်နန်းတော်၏ မြင်ကွင်းများက ကမ္ဘာလှည့်ခရီးသွားများအတွက် အလှအယက် ဓာတ်ပုံဗီဒီယိုရိုက်ကူးရာ နေရာတစ်ခုဖြစ်လာခဲ့။

နိုင်ငံတော်၏ စေတနာကို ပေါ်လွင်အောင်ဖော်ဆောင်ထားသလို ရန်ကုန်မြို့၏ မြင့်မားလာသော လူနေမှုဘဝနှင့်အတူ ပြည်သူများ၏ ပျော်ရွှင်စွာအနားယူ အပန်းဖြေနိုင်ရေး၊ မြို့ပြ၏စိတ်အပန်းဖြေစရာ၊ လေကောင်းလေသန့်များနှင့်အတူ စိတ်ရွှင်လန်းချမ်းမြေ့စေဖို့အတွက် သဘာဝကျကျ မြန်မာဆန်ဆန် ဖန်တီးထားသည်။ မူလရှိပြီးသစ်ပင်ကြီးများကို တစ်ပင်မျှမခုတ်ဘဲ သဘာဝအတိုင်း ခံစားနိုင်အောင် စီစဉ်ထားရှိမှုများ၊ မြစ်ကြီးနားမှ ကျောက်အမျိုးမျိုးနှင့် မန္တလေးမတ္တရာမှ ကျောက်များကိုပါ တကူးတကသယ်ယူ၍ မြင်ကွင်းဆန်းများရရှိအောင် စီစဉ်ထားရှိမှုများကိုလည်း လေ့လာတွေ့ရှိရသည်။

ရန်ကုန်မြို့နေ ပြည်သူများသာမက ကမ္ဘာလှည့်ခရီးသွားများ၏ စိတ်ဝင်စားမှုများကိုပါ ဆွဲဆောင်နိုင်သော မြန်မာမှုအငွေ့အသက်များ၊ ပြကွက် မြင်ကွင်းများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုကို လေးလေးစားစားဖော်ထုတ်တင်ဆက်မှုများကလည်း မြန်မာတို့အတွက် ဂုဏ်ယူဖွယ်ဖြစ်သည်။

ရန်ကုန်မြို့တော်တွင်နိုင်ငံတကာအဆင့်မီ အပန်းဖြေဥယျာဉ် တစ်ခုပေါ်ပေါက်လာပြီဖြစ်သည်။ ကရဝိက်-ကန်တော်ကြီး သဘာဝ အပန်းဖြေဥယျာဉ်၏ သဘာဝနှင့် မြန်မာမှုပသာဒအလှများနှင့်အတူ လာရောက်အပန်းဖြေ အနားယူနေကြသော ပြည်သူတို့၏ ရွှင်လန်းပျော်ရွှင်မှု အစုစုတို့ကို ကြည့်ရှု လေ့လာခဲ့ရကြောင်း တင်ပြလိုက်ရပါသည်။ ။



**သမင်များနှင့်လည်း ရင်းနှီးစွာထိတွေ့ခံစားနိုင်သည်။** (ဓာတ်ပုံ-သောင်းဝင်းဗိုလ်)

# မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်ရေး ပူးတွဲကော်မရှင်စည်းဝေး နိုင်ငံခြားရေးဒုတိယဝန်ကြီး ဦးမောင်မြင့် တက်ရောက်ခဲ့

ရန်ကုန် ဒီဇင်ဘာ ၂၀

**ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့၌ ဒီဇင်ဘာ ၁၅ ရက်မှ ၁၇ ရက်အထိ ကျင်းပခဲ့သော မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်ရေးပူးတွဲကော်မရှင် ပဉ္စမအကြိမ်မြောက်အစည်းအဝေးသို့ တက်ရောက်ခဲ့သော နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၁၈ ရက် ညနေ ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။**

## ပြန်လည်ရောက်ရှိ

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမောင်မြင့် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ် အဖွဲ့သည် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၌ ရှိနေစဉ် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Bui Ba Bong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကိုဆွေးနွေးကြရာတွင် လယ်ယာစိုက်ပျိုးရေး၊ သစ်တောရေးရာ၊ စက်မှုလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံရေး၊ ခရီးသွားလုပ်ငန်း၊ ကုန်သွယ်ရေး၊ ပြစ်မှုနှိမ်နင်းရေး၊ အားကစားရေးရာကိစ္စရပ်များ၌ နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်မှုများ တိုးမြှင့်ရေးအတွက် ဆွေးနွေးကြပြီး ဒီဇင်ဘာ ၁၇ ရက်တွင် နှစ်ဖက်သဘောတူ အစည်းအဝေး မှတ်တမ်းကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ယင်းသို့ ဒုတိယဝန်ကြီးအဆင့် ပူးတွဲကော်မရှင်အစည်းအဝေး မကျင်းပမီ မြန်မာ-ဗီယက်နမ် အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေးများကို ဒီဇင်ဘာ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ကျင်းပခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်သည် ဒီဇင်ဘာ ၁၆ ရက်တွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Le Cong Phung အား သွားရောက်တွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေများကို ရှင်းလင်းပြောကြားသည်။ ထို့ပြင် နှစ်နိုင်ငံ ဒုတိယဝန်ကြီးများသည် မြန်မာ-ဗီယက်နမ်နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် အမြင်ချင်းဖလှယ်ခဲ့ကြသည်။ ယင်းသို့ တွေ့ဆုံရာတွင် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်လတ်လည်းတက်ရောက်သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမောင်မြင့် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား ဒီဇင်ဘာ ၁၇ ရက်တွင် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Cao Duc Phat က ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

## ကြည့်ရှုလေ့လာ

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမောင်မြင့်သည် မြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်လတ်နှင့်အတူ ဒီဇင်ဘာ ၁၆ ရက် နံနက်ပိုင်းတွင် ဟနွိုင်းမြို့မှ ကီလိုမီတာ ၁၀၀ ခန့်ကွာဝေးသော ဟွာလောင်ပင်လယ်ကွေ့ဒေသရှိ ကမ္ဘာလှည့်ခရီးသည်လုပ်ငန်းများကို သွားရောက်ကြည့်ရှုလေ့လာခဲ့သည်။ ထို့ပြင် ဒုတိယဝန်ကြီး ဦးမောင်မြင့်ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဒီဇင်ဘာ ၁၇ ရက် မွန်းလွဲပိုင်းတွင် ဟနွိုင်းမြို့အနီးရှိ ဆက်သွယ်ရေး ပစ္စည်းထုတ်လုပ်ရေး စက်ရုံနှစ်ခုသို့ သွားရောက်ကြည့်ရှု လေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် ဗီယက်နမ် လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဒုတိယဝန်ကြီး H.E. Mr. Bui Ba Bong တို့ မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်ရေး ပူးတွဲကော်မရှင် ပဉ္စမအကြိမ် အစည်းအဝေးမှတ်တမ်းကို လက်မှတ်ရေးထိုးကြစဉ်။** (သတင်းစဉ်)



# ပန်းတနော် အထက်တန်းကျောင်း ရွှေရတုသဘင်အထိမ်းအမှတ်ကျင်းပ ပြန်ကြားရေးဒုတိယဝန်ကြီး ဦးသိန်းစိန် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဒီဇင်ဘာ ၂၀

**ဧရာဝတီတိုင်း ပန်းတနော်မြို့ အခြေခံပညာအထက်တန်းကျောင်း ရွှေရတုသဘင်အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါကျောင်း၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန် တက်ရောက်အမှာစကားပြောကြားသည်။**

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်က ပန်းတနော်မြို့ အခြေခံပညာအထက်ကျောင်း နှစ်(၅၀)ပြည့် ရွှေရတုသဘင်အထိမ်းအမှတ်မုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ထို့နောက် ထူးချွန်ထက်မြက် ကျောင်းသား ကျောင်းသူကလေးများက ရွှေရတုသဘင်အထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကို ဖွင့်လှစ်ပေးသည်။

## အမှာစကားပြောကြား

ဆက်လက်၍ ရွှေရတုသဘင် အထိမ်းအမှတ် အခမ်းအနားကို မြတ်ပညာခန်းမ၌ကျင်းပရာ ကျောင်းသားကျောင်းသူများက "ပြည်မြန်မာ" သီချင်းသီဆို၍ ဖွင့်လှစ်ပြီး ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်က အမှာစကားပြောကြားသည်။

ဆက်လက်၍ အမှတ်(၁)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ညိုက ပညာရည်မြင့်မားရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် အမှတ်(၁)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ညို၊ မြန်မာနိုင်ငံစာစစ်အဖွဲ့ ဥက္ကဋ္ဌ သုရဦးအောင်ထွန်း၊ မြန်မာနိုင်ငံပညာရေး သုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဟန်၊ အမှတ်(၁) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွန့်တို့က ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ ကျောင်းသုံး စာရေးကိရိယာများ၊ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုစာအုပ်များနှင့် တိပ်ခွေများကို ပေးအပ်ရာ ကျောင်းအုပ်ဆရာကြီး ဦးထွန်းအောင်က လက်ခံယူသည်။

## လှည့်လည်ကြည့်ရှု

ထို့နောက် ကျောင်းအုပ်ဆရာကြီးက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အခမ်းအနားအပြီးတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်နှင့် ဧည့်သည်တော်များသည် စံပယ်ဆောင်၌ ခင်းကျင်းပြသထားသော ရွှေရတုပြခန်းကို လှည့်လည်ကြည့်ရှုကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ခြောက်ထပ်ကြီး ရွှေသာလျောင်းရုပ်ရှင်တော်မြတ် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၂၀**

ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းရှိ ခြောက်ထပ်ကြီး ရွှေသာလျောင်းရုပ်ရှင်တော်မြတ်ကြီး၏ (၁၉)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်နှင့် အသံမစဲပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲကို ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၅ ရက်မှ ၁၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။

အသံမစဲပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲကို ဇန်နဝါရီ ၅ ရက်မှ ၉ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ဇန်နဝါရီ ၁၀ ရက် နံနက် ၄ နာရီခွဲတွင် ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီးအား အနေကဇာတင်ပူဇော်ပြီး နံနက် ၉ နာရီ၌ သပိတ်ဆွမ်းလောင်းလှူမည်ဖြစ်ရာ ကိုယ်တိုင် ကြည်ညိုကုသိုလ်ယူကြရန် ဖိတ်ကြား နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

# မြန်မာ့ရုပ်မြင်သံကြား

**၂၁-၁၂-၂၀၀၄ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်း သာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်
၈:၀၀ ၆။ အကပြိုင်ပွဲ
၈:၁၀ ၇။ နှောင်းခေတ်တေးပဒေသာ
၈:၂၀ ၈။ ကျေးပင်အက်ရေလှောင်တမံ
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Let's Go

**ညပိုင်း**

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use
၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၁၇:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၁၇:၃၀ ၇။ ခံစားနားဆင်တေးဇာတ်ဝင်
၁၇:၄၅ ၈။ ဆိုကြမယ် ပျော်ကြမယ်
၁၈:၁၀ ၉။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"မျောက်မင်းဂူခုန်း"**(အပိုင်း-၅၂)
၁၈:၃၀ ၁၀။ ညနေခင်းသတင်း
၁၉:၀၀ ၁၁။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၂။ တေးဂီတအစီအစဉ်
၁၉:၂၀ ၁၃။ သားငါးဖွံ့ဖြိုးပြည့်အကျိုး
၁၉:၃၀ ၁၄။ ကြေးမုံရိပ်သွင်တေးနယ်ဉ်
၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **ပဉ္စမအကြိမ် တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲ(အပိုင်း-၅)**
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **"သံစဉ်မဲ့ချစ်သူ"**(အပိုင်း-၂၃)

# သံတွဲခရိုင်အသင်း မိတ်ဆုံပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၀**

သံတွဲခရိုင်အသင်း(ဂွ၊တောင်ကုတ်၊ သံတွဲ) (ရန်ကုန်)၏ နှစ်ပတ်လည် မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၂၆ ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ မွန်းလွဲ ၂နာရီအထိ ရန်ကုန်မြို့ ရွှေတိဂုံဘုရား တောင်ဘက်မုခ်အနီးရှိ ကန်တော်မင်္ဂလာပန်းခြံ၌ ကျင်းပမည်ဖြစ်သည်။

အသင်းသူ အသင်းသားများ၊ နယ်သူ နယ်သားများ တက်ရောက်ကြရန်နှင့် ကြွရောက်လာသောဧည့်ပရိသတ်များအား ရခိုင်မုန့်တီ၊ ဒေသထမင်း၊ ဟင်းတို့ဖြင့် ဧည့်ခံကျွေးမွေးပြီး ဂီတာဖေဝင်း တေးဂီတအဖွဲ့က မြန်မာ့ရိုးရာ တေးဂီတများဖြင့် ဖျော်ဖြေ၍ ဒေသအစားအစာများလည်း ရောင်းချပေးမည်ဟု သိရသည်။ **(က-ပ)**

# ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက် ကျောက်မျက်နှင့်ကျောက်စိမ်း ရောင်းချပွဲ(၂၀၀၅)ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၀**

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ (၁၈)ကြိမ်မြောက် ကျောက်မျက်နှင့်ကျောက်စိမ်း ရောင်းချပွဲ(၂၀၀၅)ကို ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၂၄ ရက်မှ ၂၇ ရက်အထိ အမှတ်(၆၆)ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ ၂၄ ရက်မှ ၂၆ ရက်အထိ ကျောက်များကို ကြည့်ရှုစစ်ဆေးခြင်းနှင့် ဇန်နဝါရီ ၂၇ ရက်တွင် Bargain and ˚Auction စနစ်များဖြင့် ရောင်းချခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်၍ ဝယ်လိုသူများသည် ဇန်နဝါရီ ၂၁ ရက်မှစ၍ မှတ်ပုံတင်ကြေး နိုင်ငံသား ကျပ် ၄၀၀၀၊ နိုင်ငံခြားသား ယူရို ၂၀ နှင့်အတူ မှတ်ပုံတင်စာရင်း ပေးသွင်းနိုင်ကြသည်။

ပုဂ္ဂလိက ကျောက်မျက်၊ ကျောက်စိမ်းလုပ်ငန်းရှင်များကလည်း မိမိရောင်းချလိုသည့် ကျောက်မျက်၊ ကျောက်စိမ်းနှင့် အချောထည်လက်ဝတ်ရတနာများကို ဇန်နဝါရီ ၃ ရက်မှ ၁၄ ရက်အတွင်း လာရောက်အပ်နှံနိုင်ကြပြီး ရောင်းချရန်တင်သည့် ရတနာပစ္စည်း၏ တန်ဖိုးပေါ်တွင် ၀ ဒသမ ၄ ရာခိုင်နှုန်းကို ဝန်ဆောင်ခအဖြစ် လည်းကောင်း၊ ရောင်းချရပါက ရောင်းချရရှိငွေ၏ သုံးရာခိုင်နှုန်းကို ကော်မရှင်ခအဖြစ်လည်းကောင်း၊ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်သို့ ပေးဆောင်ရမည်ဖြစ်ပြီး ရတနာခွန်ပေးဆောင်ခြင်းနှင့် ပတ်သက်၍ သတ္တုတွင်းဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော မြန်မာ့ကျောက်မျက်ရတနာဥပဒေ/နည်းဥပဒေများအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

အသေးစိတ် မေးမြန်းစုံစမ်းလိုသူများသည် မြန်မာ့ရူဘီအင်တာပရိုက်(စ်) အမှတ်(၂၄/၂၆)(ယခင်မြန်မာ နိုင်ငံတော်ဗဟိုဘဏ်အဆောက်အအုံ)ဆူးလေဘုရားလမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၇၁၀၅၃၊ ၂၇၀၅၆၁ နှင့် မြန်မာအင်ပီရီရယ်(လ်)ဂျိတ်၊ အမှတ် (၂၄/၂၆)(ယခင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အဆောက်အအုံ) ဆူးလေဘုရားလမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၇၁၀၂၇၊ ၂၇၀၅၆၄ တို့သို့ ရုံးချိန်အတွင်း လာရောက် ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဖြူးမြို့ အထက(၁) မြတ်ဆရာပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၂၀**

ဖြူးမြို့ အထက(၁) (ယခင် အမျိုးသားတန်းမြင့်ကျောင်း)တွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် အငြိမ်းစားဆရာ၊ ဆရာမကြီးများအား နှစ်စဉ်ကျင်းပမြဲအတိုင်း ပဉ္စမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၈ ရက်နှင့် ၉ ရက်တို့တွင် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီးမှ ကျောင်းသားဟောင်းများ တက်ရောက်ပူဇော်ကြရန်နှင့် ရန်ကုန်မြို့တွင် ဗိုလ်ကြီးအောင်သန်း(ငြိမ်း) ဖုန်း-၀၁-၅၀၀၂၅၀၊ ဦးမြဦး ဖုန်း-၀၁-၆၆၀၁၃၀၊ မန္တလေးမြို့တွင် ဦးစန်းလွင်(ဝမ်းဝမ်း) ဖုန်း-၀၂-၃၂၃၇၈၊ ၃၉၆၄၄၊ မိတ္ထီလာမြို့တွင် ဦးဝင်းစိန် ဖုန်း-၀၆၄-၂၁၂၈၅တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၄၀)**

# ကျေးရွာချင်းဆက်ရေမြောင်း ရေထိန်းတံခါးတည်ဆောက်ပြီးစီးပါက နွေစပါးဧက ၂၀၀ကျော် အကျိုးပြုနိုင်မည်

**မော်လမြိုင်ကျွန်း ဒီဇင်ဘာ ၉**

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် မော်လမြိုင်ကျွန်းမြို့နယ် တံခွန်တိုင် ကျုံဝါးကျေးရွာအုပ်စု တံခွန်တိုင်ရွာမနှင့် ဓမ္မာရုံကျေးရွာချင်းဆက်ရေမြောင်းရေထိန်းတံခါးတည်ဆောက်မှုလုပ်ငန်းကို ဒီဇင်ဘာ ၁ရက် နံနက် ၉နာရီက ဆောင်ရွက်ကြသည်။



## ရေထိန်းတံခါးတည်ဆောက်

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဆန်းဗိုလ်၊ မြို့နယ်ဆည်မြောင်းဦးစီးဌာန ဦးစီးမှူးဦးတင်ဝင်းနှင့်အဖွဲ့ဝင်များက ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ တံခွန်တိုင်ကျုံဝါးကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးဘိုးသန်းက ရေထိန်းတံခါး တည်ဆောက်မှုလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။ **(ဝဲအောက်ပုံ)**

## သွားလာရေးလွယ်ကူမည်

အဆိုပါ ကျေးရွာချင်းဆက်ရေမြောင်းရေထိန်းတံခါး တည်ဆောက်ပြီးစီးသွားပါက တံခွန်တိုင်ရွာမ၊ ဓမ္မာရုံနှင့် ပျဉ်ထောင်စု ကျေးရွာများမှ နွေစပါး ဧက ၂၀၀ကျော် စိုက်ပျိုးထုတ်လုပ် အကျိုးပြုနိုင်မည့်အပြင် ကျေးရွာသုံးရွာ ဆက်သွယ်သွားလာရေးလည်း အဆင်ပြေလွယ်ကူသွားမည် ဖြစ်သည်။ **(ဝ၉၇)**



# မြမေတ္တာ မျက်စိအထူးကုဆေးခန်း ဇီဝကလူနာဆောင်ဖွင့် ရေစက်ချအခမ်းအနား ပန်းတနော်မြတောင်စာသင်တိုက်၌ ကျင်းပ

**ပန်းတနော် ဒီဇင်ဘာ ၁၀**

ပန်းတနော်မြို့ မြတောင်စာသင်တိုက်အတွင်းရှိ မြမေတ္တာ မျက်စိအထူးကုဆေးခန်း ဇီဝကလူနာဆောင်ဖွင့်ပွဲနှင့် ရေစက်ချပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၁ ရက် နံနက် ၉ နာရီက မြတောင်စာသင်တိုက်၌ ကျင်းပသည်။

## ဖွင့်လှစ်ပေး

ရေးဦးစွာ မြို့နယ်သာသနာရေးဦးစီးဌာန ဦးစီးမှူး ဦးတင်မြင့်၊ ပါမောက္ခ ဆရာဝန်ကြီး ဦးကြည်မောင်နှင့် အလှူရှင် မိသားစုများကိုယ်စား ဒေါ်စန်းစန်းဆွေတို့က ဇီဝကလူနာဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

## လှူဒါန်း

ထို့နောက် အလှူရှင်များနှင့် ဧည့်သည်တော်များက ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၂၃၈၀၀၀၊ မြတောင်စာသင်တိုက် ဆောက်လုပ်ဆဲ ဆွမ်းစားကျောင်းဆောင်အတွက် ကျပ် ၃၀၈၀၀၀၊ မျက်စိ စမ်းသပ်ကိရိယာ ဝယ်ယူရန်အတွက် မတည်ငွေကျပ် ၅၀၂၀၀၀တို့ကို လှူဒါန်းကြသည်။

## အလှူရှင်များ

ယင်းဇီဝက လူနာဆောင်နှင့် ဆေးရုံသုံးပစ္စည်းများ၏ အလှူရှင်များမှာ ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ၂၅ လမ်း၊ အမှတ်(၁၂၀)နေ ဒေါ်အေး၊ ဦးငွေလှိုင်-ဒေါ်ရင်ရီ၊ ဒေါ်ခင်သန်းမြင့်၊ ဒေါ်စန်းစန်းဆွေ မိသားစုများဖြစ်ကြောင်း သိရသည်။ **(၃၂၇)**

**ဒီဇင်ဘာ ၇ ရက်က ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ အင်ဂျင်နီယာ ဦးတင်အောင်ဌေး အရှေ့ဘက်ကမ်းရပ်ကွက် အောင်မြေတံတားတည်ဆောက်ခြင်း လုပ်ငန်းကို ကြီးကြပ် ဆောင်ရွက်စဉ်။**
(မြို့နယ် စည်ပင်)



# ဖွံ့ဖြိုးစည်ပင် ကျေးလက်တစ်ခွင်

## လယ်ဝေး၌ကျေးရွာချင်းဆက် ကျောက်ချောလမ်းခင်း

**လယ်ဝေး ဒီဇင်ဘာ ၁၀**

လယ်ဝေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော ကျေးရွာချင်းဆက်လမ်းဖြစ်သည့် ခရမ်းကိုင်း-မကျီးကုန်းလမ်း အရှည် ၂၈၀၈ ပေ နှင့် အကျယ် ၁၂ ပေ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**
**(မြို့နယ် စည်ပင်)**



## လမ်းတံတားများ ပြုပြင်မွမ်းမံခြင်းလုပ်ငန်း မောင်တောမြို့တွင် အရှိန်အဟုန်မြှင့်

**မောင်တော ဒီဇင်ဘာ ၅**

မောင်တောမြို့နယ် အတွင်းလမ်းများ အဆင့်မြှင့်တင်ခြင်း၊ တံတားများပြုပြင်မွမ်းမံခြင်းနှင့် အသစ်တည်ဆောက်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၅ရက် နံနက်က မောင်တောမြို့နယ် မြောက်ပိုင်း ကြိမ်ချောင်းလမ်းအပိုင်းတွင် ပျက်စီးနေသောသစ်သားတံတားအမှတ်(၅)အား အသစ်ပြန်လည် တည်ဆောက်ခြင်းလုပ်ငန်းကို မောင်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဘမြင့်နှင့်အငယ်တန်း အင်ဂျင်နီယာ(၃) ဦးထွန်းကြည် တို့က ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

## ကျေးလက်ပြည်သူများ သောက်သုံးရေရရှိရေး မရမ်းစံပြကျေးရွာတွင် စက်ရေတွင်းတူးဖော်

**မိုးကောင်း ဒီဇင်ဘာ ၁၀**

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်နှင့်အညီ ကျေးလက်နေပြည်သူများသန့်ရှင်းသော သောက်သုံးရေ သုံးစွဲနိုင်ရေးအတွက် စည်ပင်သာယာရေးဘဏ္ဍာလီမိတက်မှ လှူဒါန်းငွေဖြင့် ကချင်ပြည်နယ် မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မရမ်းစံပြကျေးရွာ အုပ်စုတွင် အဖွဲ့ပိုင် Water Jet ဖြင့် နှစ်လက်မစက်ရေတွင်း တူးဖော်ပေးလျက်ရှိသည်။

### ကြီးကြပ်ဆောင်ရွက်ပေး

အဆိုပါ စက်ရေတွင်း တူးဖော်ရာသို့ နိုဝင်ဘာ ၂၉ ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုင်းလောဝ်ခမ်းတို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးကြောင်း သိရသည်။ **(၄၁၆)**

**နိုဝင်ဘာ ၂၉ ရက်က သံဖြူဇရပ်မြို့ ကြွံခိုင်ရေးရပ်ကွက် ပိတောက်ရွှေဝါလမ်း ကတ္တရာခင်းခြင်းဆောင်ရွက်ပြီးစီးမှုကို အမှုဆောင်အရာရှိ ဦးတင်မောင်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးခင်လှိုင်တို့ ကြည့်ရှုစစ်ဆေးကြစဉ်။**
(မြို့နယ် စည်ပင်)



## ပဒေသာမြို့ အမှိုက်ကင်းစင် နယ်မြေသတ်မှတ်

**ပြင်ဦးလွင် ဒီဇင်ဘာ ၃**

ပြင်ဦးလွင်မြို့တွင် ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဆင့်ဆင့်တို့၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် မြို့သန့်ရှင်းသာယာလှပရေး ဆောင်ရွက်လျက်ရှိရာ မြို့နယ်ဥက္ကဋ္ဌ ဦးပါစည်၊ အတွင်းရေးမှူး ဦးစိုးတင့်နှင့် အဖွဲ့ဝင်များသည် နိုဝင်ဘာ ၁၀ ရက်က အမှိုက်ကင်းစင်နယ်မြေသတ်မှတ်ထားရှိသော ပဒေသာမြို့နယ်မြေအတွင်း ပြည်သူများနှင့် တွေ့ဆုံဆွေးနွေးသည်။

ထိုသို့ဆွေးနွေးရာတွင် မြို့နယ်ဥက္ကဋ္ဌက ပဒေသာမြို့သစ်ကို အမှိုက်သရိုက် ကင်းစင်နယ်မြေအဖြစ် သတ်မှတ်ထားသည့်အတိုင်း လမ်းဆုံလမ်းခွများ၌ ပညာပေးဆိုင်းဘုတ်များ စိုက်ထူထားရှိရန်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ မီးဘေးအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများ ဆွေးနွေးဆောင်ရွက်ကြသည်။ **(၂၈၀)**

## ပြည်နယ်နှင့်တိုင်း ရေကူးပြိုင်ပွဲ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ဖွင့်လှစ်ပေး

**ရန်ကုန် ဒီဇင်ဘာ ၂၀**

၂၀၀၄ခုနှစ် ပထမအကြိမ် ပြည်နယ်နှင့်တိုင်း ရေကူးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ၁၈ရက် မွန်းလွဲ ၂နာရီက အမျိုးသားရေကူးကန်တွင် ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

### အမှာစကားပြောကြား

ရှေးဦးစွာ ပြိုင်ပွဲဝင်အသင်းများ နေရာယူကြပြီး အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်က အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။ ထို့နောက် ပထမနေ့ပွဲစဉ်များအဖြစ် အမျိုးသားပြိုင်ပွဲခြောက်ပွဲ၊ အမျိုးသမီးပြိုင်ပွဲခြောက်ပွဲ စုစုပေါင်း၁၂ပွဲကျင်းပသည်။

ပြိုင်ပွဲများ၌ဆုရရှိကြသော အားကစားမောင်မယ်များအား ဝန်ကြီးနှင့် တာဝန်ရှိသူများက အောင်နိုင်ဆုများ ပေးအပ်ချီးမြှင့်ကြရာ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက အမျိုးသမီး မီတာ၄၀၀ အလွတ်ကူးပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော ဝင်းဝင်းမော်(ပဲခူး)နှင့် အမျိုးသမီးမီတာ၁၀၀ပက်လက်ကူး ပြိုင်ပွဲ၌ ယှဉ်ပြိုင်ခဲ့သော နှင်းဦးဝေ (မန္တလေး) တို့အားဂုဏ်ပြုဆုငွေကျပ်တစ်သောင်းစီ ပေးအပ်ချီးမြှင့်သည်။

### ဝင်ရောက်ယှဉ်ပြိုင်

ပြိုင်ပွဲသို့ ရန်ကုန်တိုင်း အမျိုးသား အမျိုးသမီးအသင်း၊ တနင်္သာရီတိုင်း အမျိုးသား အမျိုးသမီးအသင်း၊ မန္တလေးတိုင်းအမျိုးသား အမျိုးသမီး အသင်း၊ ပဲခူးတိုင်းအမျိုးသား အမျိုးသမီးအသင်း၊ မွန်ပြည်နယ်အမျိုးသား အသင်း၊ ဧရာဝတီတိုင်းအမျိုးသား အမျိုးသမီးအသင်း စုစုပေါင်း အမျိုးသား ခြောက်သင်း၊ အမျိုးသမီး ငါးသင်း ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

**(မြန်မာ့အလင်း)**



ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း တံခွန်စိုက်ဆုရရှိသွားသော ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းအား ဆုချီးမြှင့်စဉ်။
(သတင်းစဉ်)

## ကျန်းမာရေးနှင့်ညီညွတ်သောစားသောက်ဆိုင်များ ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၀**

ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီနယ်နိမိတ်အတွင်းရှိ ကျန်းမာရေးနှင့်ညီညွတ်သော စားသောက်ဆိုင်များရှိသည့် အခြေခံပညာကျောင်းများနှင့် အဆင့်မြင့်၊ အဆင့်မီစားသောက်ဆိုင်များအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီမြို့တော်ခန်းမ ပထမထပ်ရှိ ခန်းမကြီး၌ ကျင်းပရာ အမျိုးသားကျန်းမာရေး ကော်မတီဝင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း တက်ရောက်၍ အမှာစကားပြောကြားပြီးဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ရှေးဦးစွာ အမျိုးသားကျန်းမာရေး ကော်မတီဝင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက အမှာစကား ပြောကြားသည်။

### ပေးအပ်ချီးမြှင့်

ဆက်လက်၍ ၂၀၀၄ – ၂၀၀၅ ပညာသင်နှစ် ကျန်းမာရေးနှင့် ညီညွတ်သော စားသောက်ဆိုင်များရှိသည့် အခြေခံပညာကျောင်းများနှင့် မြို့နယ်များအတွင်းရှိ အဆင့်မြင့်၊ အဆင့်မီစားသောက်ဆိုင်များအား ဆုများပေးအပ်ချီးမြှင့်ရာ တံခွန်စိုက်ဆုရ ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၊ ပထမ ဆုရ လသာမြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၊ဒုတိယဆုရ ရန်ကင်းမြို့နယ် လေ့ကျင့်ရေး အလယ်တန်းကျောင်း၊ တတိယဆုရ တာမွေမြို့နယ် အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်း အပါအဝင် ဆုရ အခြေခံပညာကျောင်း ၁၁ ကျောင်းနှင့် နှစ်သိမ့်ဆုရ အခြေခံပညာကျောင်း ၁၆ ကျောင်း စုစုပေါင်း အခြေခံပညာကျောင်း ၂၇ ကျောင်းနှင့် မြို့နယ်များအတွင်းရှိ အဆင့်မြင့်စားသောက်ဆိုင် ၁၀ ဆိုင်၊ အဆင့်မီ စားသောက်ဆိုင် ၇၄ ဆိုင် စုစုပေါင်း ၈၄ ဆိုင်တို့ကို မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ပညာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တာဝန်ရှိသူများက တံခွန်စိုက်ဆု၊ ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**





## ကမ္ဘာတစ်လွှားအားကစား

## မန်ယူအသင်း ခရစ္စတယ်ပဲလေ့စ်အသင်းကို ဂိုးပြတ်နိုင် အာဆင်နယ်နှင့် ချယ်လ်ဆီးနိုင်ပွဲပြန်စ

**အင်္ဂလန် ဒီဇင်ဘာ ၂၀**

အင်္ဂလိပ်ပရီမီးယားလိဂ်ဘောလုံးပြိုင်ပွဲကို ဒီဇင်ဘာ ၁၈ ရက်နှင့် ၁၉ရက်များတွင် ပွဲစဉ်(၁၈)အဖြစ် ယှဉ်ပြိုင်ကစားခဲ့ကြသည်။

မန်ချက်စတာယူနိုက်တက်အသင်းနှင့် ခရစ္စတယ်ပဲလေ့စ် အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန်ယူက ငါးဂိုး– နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ မန်ယူအသင်းသည် ယခင်အပတ်က ဖူလ်ဟမ်အသင်းနှင့် ယှဉ်ပြိုင်ကစားရာတွင် သရေကျခဲ့ပြီး ယခုတစ်ပတ်တွင် ဂိုးမိုးရွာနိုင်ခဲ့သည်။ မန်ယူသည် ၁၈ ပွဲကစားရာတွင် ကိုးပွဲနိုင်၊ ခုနစ်ပွဲသရေဖြင့် ၃၄ မှတ်ရရှိကာ စတုတ္ထနေရာတွင် ဆက်လက်ရပ်တည်လျက်ရှိသည်။

ချယ်လ်ဆီးအသင်းနှင့် နော်ဝှစ်ချ်အသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် ဒတ်ဖ်၊ လမ်းပတ်၊ ရော်ဘင်၊ ဒရော့ဘာတို့၏ ဂိုးများဖြင့် ချယ်လ်ဆီးအသင်းက လေးဂိုး–ဂိုးမရှိဖြင့် နိုင်ခဲ့သည်။

ချယ်လ်ဆီးတို့သည် ယခင်အပတ်က သရေပွဲနှင့်ကြုံခဲ့သော်လည်း ယခုအပတ်တွင် ထိုက်ထိုက်တန်တန် သုံးမှတ်ကို အမိအရ ရယူနိုင်မှုကြောင့် ၄၃ မှတ်ဖြင့် ထိပ်ဆုံးနေရာ၌ ဆက်လက်ရပ်တည်ထားသည်။ ချယ်လ်ဆီးသည် ၁၈ ပွဲကစားရာတွင် ၁၃ ပွဲနိုင်၊ လေးပွဲသရေဖြစ်ပြီး တစ်ပွဲသာ အရှုံး ရှိခဲ့သည့် အရှုံးအနည်းဆုံးအသင်း ဖြစ်သည်။

တစ်ဂိုးတည်းဖြင့်ကပ်၍ နိုင်လေ့ရှိသော အဲဗာတန်အသင်းသည် ယခုအပတ်တွင် ဘလက်ဘန်းကို ဂိုးမသွင်းနိုင်ဘဲ သရေပွဲနှင့် ရင်ဆိုင်ခဲ့ရသည်။ ယင်းပွဲသရေဖြစ်သွား၍ အဲဗာတန်တို့ ၃၈ မှတ်ဖြင့် ဒုတိယနေရာမှ တတိယနေရာသို့ ပြန်ရောက်သွားခဲ့သည်။

အာဆင်နယ်အသင်းက ပို့စ်မောက်အသင်းကို တစ်ဂိုးတည်းဖြင့် ကပ်နိုင်ပြီး ဒုတိယနေရာသို့ ပြန်လည်ရောက်ရှိသွားသည်။ အာဆင်နယ်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ဆိုးလ်ကင်းဘဲက ၇၅ မိနစ်တွင် သွင်းယူပေးခဲ့သည်။ အာဆင်နယ်တို့သည် ရမှတ် ၃၈ မှတ် ရရှိထားသည်။



**ဟန့်တား**

အာဆင်နယ် တိုက်စစ်မှူး ဟင်နရီ (ဝဲ) က ဘောလုံးကို ကန်ရန်ကြိုးပမ်းစဉ် ပို့စ်မောက်အသင်းမှ လင်ဖိုပရီ မတ်စ်က ဟန့်တားနေစဉ်။
(ဓာတ်ပုံ- အေအက်ဖ်ပီ)

ဘာမင်ဂမ်အသင်းနှင့် ဝက်စ်ဘရွန်း အသင်းတို့ ယှဉ်ပြိုင်ကစားကြရာတွင် ဇယားအောက်ဆုံးရောက် ဝက်စ်ဘရွန်းကို ဘာမင်ဂမ်က လေးဂိုး–ဂိုးမရှိဖြင့် နိုင်ခဲ့သည်။ ယင်းပွဲတွင် ဘာမင်ဂမ်တို့နိုင်ခဲ့၍ အဆင့်တက်ခဲ့သည်။

ဘော်လ်တန်အသင်းနှင့် မန်စီးတီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာတွင် မန်စီးတီးအသင်းက တစ်ဂိုး–ဂိုးမရှိဖြင့် နိုင်သည်။

မစ်ဒယ်ဘရော့အသင်းနှင့် အက်စတွန်ဗီလာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာတွင် မစ်ဒယ်ဘရော့က သုံးဂိုး– ဂိုးမရှိဖြင့် နိုင်သည်။ မစ်ဒယ်ဘရော့အသင်းသည် နာမည်ကြီး ဘောလုံးသမားများ ပါဝင်လာကြသဖြင့် ခြေစွမ်းထက်ကာ ပဉ္စမနေရာသို့ ရောက်ရှိလာသည်။

တော့တင်ဟမ်အသင်းသည် ဒုတိယအောက်ဆုံးနေရာ ရောက်ရှိနေသော ဆောက်သမ်တန်အသင်းကို ငါးဂိုး–တစ်ဂိုးဖြင့် ခြေစွမ်းပြအနိုင်ယူခဲ့သည်။

ထို့အတူ လီဗာပူးအသင်းသည် နယူးကာဆယ်အသင်းကို သုံးဂိုး–တစ်ဂိုးဖြင့် နိုင်ခဲ့သည်။

**အမ်အင်အေ၊ရိုက်တာ**

## မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဗန်တိုသိုင်းနည်းပြ အဆင့်မြင့်သင်တန်းဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၂၀**

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဗန်တိုသိုင်းနည်းပြ အဆင့်မြင့် သင်တန်း အမှတ်စဉ်(၁/၂၀၀၄) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထဲရေး ဝန်ကြီးရုံး စုစည်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲတပ်ရင်းများ ကွပ်ကဲမှု အဖွဲ့မှူး ရဲမှူးချုပ်သန်းဟန် တက်ရောက် အမှာစကားပြောကြားသည်။

**(အပေါ်ပုံ)**

သင်တန်းကို ယနေ့မှ ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်အထိ ရက်သတ္တရှစ်ပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ပြီး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သင်တန်းသား ၃၁ ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## သတိပေးနှိုးဆော်ချက်

၁။ ရန်ကုန်မြို့တော်အား မြို့တော်အင်္ဂါရပ်များနှင့် လျော်ညီစွာ သာယာလှပစေပြီး ပြည်သူများအပန်းဖြေအနားယူနိုင်ရန် ပန်းခြံများ၊ ကန်ပေါင်များ၊ သစ်ပင်များ၊ မြက်ခင်းများ၊ပန်းအလှပင်များအား နိုင်ငံတော်ဘဏ္ဍာငွေမှ ငွေကြေးမြောက်မြားစွာ အကုန်အကျခံ၍ တည်ဆောက်ပေးလျက်ရှိပါသည်။

၂။ ပြည်သူများစိတ်နှလုံးချမ်းမြေ့စွာ အပန်းဖြေအနားယူနိုင်ရန် ပန်းခြံများနှင့်ကန်ပေါင်များတွင် မြက်ခင်းများ၊ သစ်ပင်ပန်းခင်းများ၊ထိုင်ခုံများ၊တံတားများ၊မီးလုံး၊မီးဆိုင်းများနှင့် အခြားလိုအပ်သောပစ္စည်းများအား တပ်ဆင်ထားရှိပါသည်။

၃။ သို့ရာတွင် ပြည်သူများအပန်းဖြေရန် ပြုလုပ်ပေးထားသည့်ပစ္စည်းများအား စည်းကမ်းမဲ့သော ပြည်သူအချို့ကြောင့် ပျက်စီးခဲ့ရပြီး ၂၀၀၃ခုနှစ် ခရစ္စမတ်ပွဲတော်ကာလနှင့် ၂၀၀၃–၂၀၀၄ နှစ်သစ်ကူးကာလရက်များအတွင်း အပျော်လွန်ကဲ၍သော်လည်းကောင်း၊ မူးယစ်ရမ်းကား၍သော်လည်းကောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ဖျက်ဆီးခဲ့၍ ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေးဥပဒေပုဒ်မ ၆(၁)အရ တရားခံ ခုနစ်ဦးအား အရေးယူခဲ့ရပါသည်။

၄။ ထို့ကြောင့် ၂၀၀၄ ခုနှစ် ခရစ္စမတ်ပွဲတော်ကာလနှင့် ၂၀၀၄–၂၀၀၅ နှစ်သစ်ကူးရက်များအတွင်း အင်းလျားကန်ပေါင်ရှိ ကမ္ဘာအေးဘုရားလမ်းဘက်ခြမ်းနှင့် ပြည်လမ်းဘက်ခြမ်းနေရာများအား နေ့စဉ် နံနက် ၄ နာရီမှ ည ၉ နာရီအထိသာ အပန်းဖြေအနားယူခွင့်ပြုမည်ဖြစ်ပြီး ကျန်အချိန်များ ပိတ်ထားမည်ဖြစ်ပါသည်။

၅။ ထိုနည်းတူ မြို့တော်သာယာလှပစေရေးအတွက် ပြည်သူများအပန်းဖြေရန်နှင့် ကျန်းမာရေးလေ့ကျင့်ခန်းများပြုလုပ်နိုင်ရန် ဆောင်ရွက်ထားသည့် လမ်းများ၊ သစ်ပင်များ၊ မြက်ခင်းများ၊ ထီးများ၊ ထိုင်ခုံများ၊ မီးလုံး၊မီးဆိုင်းများ၊ဆိုင်းဘုတ်များ စသည်တို့ကို ပျော်ရွှင်မှုလွန်ကဲ၍သော်လည်းကောင်း၊ မူးယစ်ရမ်းကား၍သော်လည်းကောင်း၊ အကြောင်းအမျိုးမျိုးကြောင့်သော်လည်းကောင်း ဖျက်ဆီးပါက ယခင်နှစ်များနည်းတူ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ**

## ကွမ်းခြံကုန်းမြို့ မကျီးတန်း အမက အာစရိယပူဇော်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၀**

ကွမ်းခြံကုန်းမြို့ မကျီးတန်း အမက ကျောင်းသား ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ၂၅ရက်(စနေနေ့) ညနေ၃နာရီတွင် မကျီးတန်း အမက ကျောင်း၌ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် ကျင်းပရေးကော်မတီသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**



**ဒီဇင်ဘာ ၁ ရက်က မြန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ပျဉ်ထောင်တွင်းရွာနှင့် ပ-ဆ-င လမ်းဆက် မြေသားလမ်း ဖောက်လုပ်ခြင်းလုပ်ငန်းကို ဧရာဝတီတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမိုးဟိန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်ကိုကိုတို့က ရှင်းလင်းတင်ပြကြစဉ်။** (မြို့နယ်စည်ပင်)

# တောင်တွင်းကြီးမြို့နယ်ကျေးရွာစာကြည့်တိုက်များဖွင့် ရေရှည်တည်တံ့ခိုင်မြဲရေး ရှင်းလင်းပြောကြား

**တောင်တွင်းကြီး ဒီဇင်ဘာ ၁၃**

တောင်တွင်းကြီးမြို့နယ် ပွင့်လုကြီးကျေးရွာ ကိုယ့်အားကိုယ်ကိုး ရောင်ခြည်ဦးစာကြည့်တိုက်ဖွင့်ပွဲကို ဒီဇင်ဘာ ၉ ရက် နံနက်၉ နာရီကလည်းကောင်း၊ ပုဂံကုန်းကျေးရွာ ရိုးမပန်းစာကြည့်တိုက်ဖွင့်ပွဲကို နံနက် ၁၁နာရီကလည်းကောင်း၊ အင်းရွာကြီးကျေးရွာ အလင်းရောင်စာကြည့်တိုက်ဖွင့်ပွဲကို မွန်းလွဲ ၂ နာရီတွင်လည်းကောင်း မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ဦး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂)ဦးကံရှိမောင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးဦးအေးဖေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

**ပေးအပ်လှူဒါန်း**

အခမ်းအနားများတွင် မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ဦးကအဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးဦးအေးဖေက စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရှင်းလင်းပြောကြားကာ ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်များ ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



# ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

## မင်းကင်းမြို့နယ်၌ ကျေးရွာစာကြည့်တိုက်ဖွင့်

**မင်းကင်း ဒီဇင်ဘာ ၈**

စစ်ကိုင်းတိုင်း မင်းကင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ ကျေးနင်းအုပ်စု ဇီးကုန်းကျေးရွာတွင် ကိုယ့်အားကိုယ်ကိုးသစ္စာပန်းခင်းစာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၀ ရက် မွန်းတည့် ၁၂ နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဦးစီးမှူးဦးအောင်သန်းက ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ရွာဦးကျောင်းဆရာတော် ဦးနန္ဒမာလာက အလှူတော်ငွေကျပ်တစ်သောင်းနှင့်တစ်ဦးချင်းအလှူရှင်များက စာအုပ်များ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် သစ္စာပန်းခင်းစာကြည့်တိုက်ကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးဦးအောင်သန်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးစံမြတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**



## လပွတ္တာမြို့နယ် ကြူတောကျေးရွာအုပ်စု၌ စာကြည့်တိုက်များဖွင့်

**လပွတ္တာ ဒီဇင်ဘာ ၁၂**

မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ကြူတောကျေးရွာအုပ်စုတွင် တိုးတက်ဖြိုးဝေ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၃ရက်က ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရည်နှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ စောသန်းငွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**ပေးအပ်လှူဒါန်း**

အခမ်းအနားတွင် မြို့နယ်ဦးစီးမှူးက စာကြည့်တိုက်ဖွင့်လှစ်ပေးရခြင်း၏ ရည်ရွယ်ချက်များနှင့် နိုင်ငံသားများ၏ တာဝန်ဝတ္တရားများကို ဆွေးနွေးဟောပြောပြီး စာအုပ်မျိုးစုံ အုပ် ၅၀ ပေးအပ်လှူဒါန်းသည်။

**ဖွင့်လှစ်ပေး**

အလားတူပင် ကြူတောကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများဖြစ်သော လိပ်ကမ္ဘာကျေးရွာတွင် တိုးတက်ဝေဆာ၊ ကြိမ်နီကျေးရွာတွင် တိုးတက်ဝေစည်၊ ဘုရားလေးကွင်းတွင် တိုးတက်ခိုင်မာ၊ ချောင်းကွဲကြီးတွင် တိုးတက်သာယာ၊ ဘေးပေါက်ကျေးရွာတွင် တိုးတက်အောင်မြင်၊ တစ္ဆေငူရွှေနုကျေးရွာ၌ တိုးတက်ချမ်းမြေ့ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ပေးကြောင်းသိရကြသည်။ **(မြို့နယ် ပြန်/ဆက်)**

**မြောင်းမြခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျေးလက် ပြည်သူများ အသိပညာတိုးပွားရေးအတွက် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များကို ဖွင့်လှစ်လျက်ရှိရာ နိုဝင်ဘာ ၂၉ ရက်က မြောင်းမြမြို့နယ် မင်းဘူးစုကျေးရွာအုပ်စု ကျောင်းစုကျေးရွာရွှေအောင်လံ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကိုမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးလှဝေ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးဒေါ်ရီရီလွင်နှင့် ကျေးရွာဥက္ကဋ္ဌ မန်းဓာတ်ဆီတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။** (ခရိုင်ပြန်/ဆက်)

## ပညာရတနာစာကြည့်တိုက်ရွှေသောင်ယံမြို့၌ဖွင့် ရည်ရွယ်ချက်နှင့် ရေရှည်တည်တံ့ရေးဆွေးနွေး

**ရွှေသောင်ယံ ဒီဇင်ဘာ ၉**

ပုသိမ်ခရိုင် ရွှေသောင်ယံမြို့ ကံကြီး(စံပြ) ကျေးရွာတွင် နိုဝင်ဘာ၂၉ရက်က ပညာရတနာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ဆွေ၊ မြို့နယ်ဦးစီးမှူးဦးကျော်စိုးနှင့် ကံကြီး(စံပြ) ကျေးရွာဥက္ကဋ္ဌ ဦးအုန်းမြင့်တို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ဆွေက အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးကျော်စိုးက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် စာကြည့်တိုက် ရေရှည်တည်တံ့ရေးကိစ္စရပ်များကို ဟောပြောဆွေးနွေးကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



## စာအုပ်လှူဒါန်းပွဲနှင့် စာပေဟောပြောပွဲ ကျင်းပရေးစည်းဝေး

**စုပေါင်းကန်တော့**

စာပေဟောပြောပွဲကို ၂၀၀၅ခုနှစ် ဇန်နဝါရီလတွင် ကျင်းပမည်ဖြစ်ပြီး စာရေးဆရာချစ်နိုင် (စိတ်ပညာ)၊ မောင်ဆုရှင်၊ မစန္ဒာ၊ ကြူကြူသင်းတို့ဖြင့် ကျင်းပရန် ဆုံးဖြတ်ကြပြီး သက်ကြီးစာပေပညာရှင် ငါးဦးတို့ကို စုပေါင်းကန်တော့ကြကြောင်း သိရသည်။ **(က-ပ)**

**မကွေး ဒီဇင်ဘာ ၁၀**

မကွေးမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသို့ သုတရသဂျာနယ်စာစောင်၊ မဂ္ဂဇင်း စာအုပ်မျိုးစုံ ပေးအပ်လှူဒါန်းပွဲနှင့် စာပေဟောပြောပွဲ ကျင်းပရေးညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၂၆ရက်က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးတွင် ကျင်းပသည်။

အခမ်းအနားတွင်မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ နာယကဦးဝေလင်း (ဝေလင်းအောင်)ကခရိုင်ဒုတိယဦးစီးမှူး ဦးစိုးအောင်သို့ စာအုပ်မျိုးစုံအုပ် ၅၀၀ ပေးအပ် လှူဒါန်းသည်။



## ရွှေဘိုမြို့နယ်ကျေးရွာစာကြည့်တိုက်များဖွင့်

**ရွှေဘို ဒီဇင်ဘာ ၅**

ရွှေဘိုခရိုင် ရွှေဘိုမြို့နယ် ကူးတို့ဆိပ်ကျေးရွာ အလင်းရောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို နိုဝင်ဘာ၂၁ရက် နံနက် ၁၀နာရီက ကျေးရွာမူလတန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အလင်းရောင် စာကြည့်တိုက်ကို ကျေးရွာဥက္ကဋ္ဌ ဦးစံထွန်းက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ခရိုင်ဦးစီးအရာရှိ ဦးအုန်းသန်းက ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်များ ပေးအပ်လှူဒါန်းသည်။

**ပညာတံခွန်စာကြည့်တိုက်ဖွင့်**

အလားတူ ဆင်အင်းကျေးရွာ ပညာတံခွန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ဆက်လက်ကျင်းပရာ ရဲစခန်းမှူး ဦးကံအေးက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဦးစီးအရာရှိက စာအုပ်များ ပေးအပ်လှူဒါန်းသည်။ **(ခရိုင် ပြန်/ဆက်)**



## ပေးအပ်လှူဒါန်း

နိုဝင်ဘာ ၂၁ရက်က စစ်ကိုင်းတိုင်း မုံရွာမြို့ ကျက်သရေဆောင်ဆုတောင်းပြည့် မြတ်စွာဘုရားကြီးမီးအမြဲလင်းနိုင်ရေးအတွက် အလှူငွေကျပ် ၃၈၂၅၇၃၀ကို အလှူရှင် ဒေါ်ထွေး၊ ဂေါမုတ္တ ဆေးတိုက်ပိုင်ရှင်ဒေါ်ညိုညိုက ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးဘိုထံ ပေးအပ် လှူဒါန်းစဉ်။ (က-ပ)

# ဖားကန့်မြို့တွင် ဗုဒ္ဓဒေသနာတော် ရွတ်ဆိုပြိုင်ပွဲ ဆုချီးမြှင့်

**ဖားကန့် ဒီဇင်ဘာ ၃**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ပထမအကြိမ် ဗုဒ္ဓဒေသနာတော် ရွတ်ဆိုပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၆ရက်က စုပေါင်းရုံးခန်းမ၌ ကျင်းပသည်။




အခမ်းအနားတွင် မြို့နယ်သံဃနာယက ဥက္ကဋ္ဌ မြို့ဦးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ သုမနထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး မြို့နယ် ဥက္ကဋ္ဌ ဦးမင်းဆွေက သာသနာရေးဆိုင်ရာများ လျှောက်ထားကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အသင်းလိုက်တွင် လုံးခင်းကျေးရွာ သာသနာ့ဝေပုလ္လအသင်းက ပထမ၊အမျိုးသမီးရေးရာအသင်းကဒုတိယနှင့် ဖားကန့်အထကအသင်းက တတိယဆုများရရှိကြရာ ဆုများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **(အပေါ်ပုံ)** **(က-ပ)**

# ထုတ်ကုန်ပစ္စည်းပြပွဲနှင့်ဈေးရောင်းပွဲတော် လားရှိုး၌ကျင်းပမည်

**လားရှိုး ဒီဇင်ဘာ ၁၉**

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)၏ ခွင့်ပြုချက်၊သမဝါယမဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ရုံး၏ ပံ့ပိုးမှုဖြင့် ရန်ကုန်တိုင်း ရွှေခြင်္သေ့သမဝါယမ အသင်းလီမိတက်မှ စုစည်း၍ ထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ဒီဇင်ဘာ ၂၅ ရက်မှ ၂၉ ရက်အထိ လားရှိုးမြို့ ယုံဟော်အားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်း ပွဲတော်ကို ဥရောပ အာရှကော်မာရှယ် ကုမ္ပဏီလီမိတက်နှင့် ရွှေတီးကုမ္ပဏီလီမိတက်တို့က ပံ့ပိုးကူညီပြီး စားသောက်ကုန်များ၊ အလှကုန်များ၊ စိုက်ပျိုးရေး လုပ်ငန်းသုံးပစ္စည်းများ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းသုံးပစ္စည်းများ၊ လျှပ်စစ်နှင့် အီလက်ထရွန်နစ်ပစ္စည်းများ၊ ပလတ်စတစ်နှင့် ဖိုင်ဘာပစ္စည်းများ၊ ဖိနပ်အမျိုးမျိုး၊ ရုံးသုံး၊ ကျောင်းသုံး စာရေးကိရိယာများ၊စက်မှုလက်မှုနည်းပညာဆိုင်ရာပြခန်းများ၊ ပြည်တွင်းဖြစ် တိုင်းရင်းဆေးဝါးနှင့် နိုင်ငံခြားဆေး အမျိုးမျိုး၊ အိမ်အလှဆင်ပစ္စည်း အမျိုးမျိုး၊ အဝတ်အထည်နှင့် ဖက်ရှင် အသုံးအဆောင် ပစ္စည်းအမျိုးမျိုး၊သမဝါယမအသင်းများမှထုတ်လုပ်သော လူသုံးကုန်ပစ္စည်းများကိုပြပွဲလာပြည်သူများအား ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးမည်ဖြစ်သည်။ ပါဝင်ပြသလိုသော ကုမ္ပဏီများ၊ သမဝါယမအသင်းများ၊ စက်မှုလက်မှု လုပ်ငန်းရှင်များသည် ရွှေခြင်္သေ့သမဝါယမအသင်းလီမိတက် အဆောင် (၂)၊ပထမထပ်၊ မဟာကျော်ကုန်တိုက်၊ သိမ်ကြီးဈေး(စီ)ရုံ၊ ရွှေတိဂုံဘုရားလမ်း၊ရန်ကုန်မြို့၊ဖုန်း-၃၇၁၈၀၀ (လိုင်းခွဲ)-၃၉၄၊ ၄၀၈နှင့် ၆၃၅၂၆၄ တို့သို့ ဆက်သွယ် ဆောင်ရွက်နိုင်ကြောင်း သိရသည်။ **(က-ပ)**

# ပဲနွယ်ကုန်း သမိုင်းဝင်စေတီ ဘက်စုံပြုပြင် အလှူငွေများ ဆက်သွယ်လှူဒါန်းနိုင်

**ပဲနွယ်ကုန်း ဒီဇင်ဘာ ၁၄**

ပဲခူးတိုင်း ပဲနွယ်ကုန်းမြို့ သမိုင်းဝင် အတောင်တစ်ရာအမြင့်ရှိ သုံးလူ့ရန်အောင် စေတီတော်အား စိန်ဖူးတော်အသစ်၊ ထီးတော်အသစ် တင်လှူပူဇော်ခြင်း၊ လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခြင်း၊ အရံစေတီတော် (၁၂)ဆူအား မွမ်းမံပြုပြင်ခြင်း၊ ရင်ပြင်တော်ချဲ့၍ ကြွေပြားများကပ်လှူခြင်းနှင့် အာရုံခံတန်ဆောင်းများဘက်စုံပြုပြင်ရေးလုပ်ငန်းများ ပြုပြင်ဆောင်ရွက်လျက်ရှိသည်။

မကြာမီ ထီးတော်၊ စိန်ဖူးတော်တင်လှူပူဇော်ပွဲနှင့် ဘုရားအနေကဇာတင်ပူဇော်ပွဲ ကျင်းပမည်ဖြစ်ရာ ကုသိုလ်ပါဝင်လိုသော ပုဂ္ဂိုလ်များသည် ဗိုလ်ကြီးမြင့်ထွေး၊ ဒေါ်မိုးစန္ဒာမြင့် ရန်ကုန်မြို့၊ဖုန်း-၀၁-၂၉၂၀၇၁၊ ၀၉-၅၀-၂၂၅၀၈၊ ဦးဌေးဝင်း ဖုန်း-၀၉-၅၀-၂၀၃၆၈၊ ဦးရဲထွန်းနိုင် ဖုန်း-၀၉-၅၀-၂၀၁၀၄၊ ဒေါက်တာသိန်းထွန်း ပဲနွယ်ကုန်းမြို့ ဖုန်း-၀၅၂-၂၄၄၂၆၊(Ext) ၃၅၊ ဒေါက်တာညွန့်တင် (Ext) ၂၈၊ ဦးတင်မောင် (Ext)၁၀၇နှင့် ဦးမိုးကျော်စွာ (Ext) ၁၅၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြကြောင်း သိရသည်။ **(က-ပ)**

# ဝါးခယ်မမြို့နယ်၌ ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကျင်းပ

**ဝါးခယ်မ ဒီဇင်ဘာ ၂**

၂၀၀၄ခုနှစ် ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဒိုင်း ဘောလုံးပြိုင်ပွဲ၌ ဗိုလ်စွဲထားသော ဝါးခယ်မမြို့နယ် လက်ရွေးစင်ဘောလုံး အသင်းနှင့် ရန်ကုန်မြို့မှ လက်ရွေးစင်ဟောင်းများ ပါဝင်သော ရွှေဘုံသာဘောလုံးအသင်းတို့၏ ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို နိုဝင်ဘာ ၂၆ရက် ညနေပိုင်းက ဝါးခယ်မမြို့နယ် ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

**အနိုင်ရရှိ**

ဘောလုံးပြိုင်ပွဲမစတင်မီမြောင်းမြခရိုင် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကြည်ထွဋ်ဝင်းက နှစ်ဖက်အသင်းမှ အားကစားသမားများအား တစ်ဦးချင်း လိုက်လံနှုတ်ဆက်သည်။ ဘောလုံးပြိုင်ပွဲကို ဆက်လက်ယှဉ်ပြိုင် ကစားရာ လက်ရွေးစင်ဟောင်းများ ပါဝင်သော ရွှေဘုံသာဘောလုံးအသင်းကဝါးခယ်မမြို့နယ် လက်ရွေးစင် ဘောလုံးအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

**ပေးအပ်ချီးမြှင့်**

ဘောလုံးပြိုင်ပွဲအပြီးတွင်မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကြည်ထွဋ်ဝင်းက ရွှေဘုံသာဘောလုံးအသင်းနှင့် ဝါးခယ်မမြို့နယ် လက်ရွေးစင်ဘောလုံးအသင်းတို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက်မြောင်းမြခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကြည်ထွဋ်ဝင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် နှစ်ဖက်အသင်းမှ အားကစားသမားများ စုပေါင်း၍ အမှတ်တရဓာတ်ပုံရိုက်ကြသည်။ **(က-ပ)**

# ပင်လောင်းမြို့မဈေး သန့်ရှင်းရေးဆောင်ရွက်

**ပင်လောင်း ဒီဇင်ဘာ ၄**

ပင်လောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေးအတွက် ပန်းအလှပင်၊ အရိပ်ရပင်များ စိုက်ပျိုးခြင်း၊ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၈ရက်က အဖွဲ့ဝန်ထမ်းများဖြင့် မြို့မဈေးအတွင်းအပြင်၌ သန့်ရှင်းရေးဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးကျော်စိုး ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

# အမြို့မြို့ အနယ်နယ် သတင်းများ



# သာပေါင်းမြို့ မှန်စီကျောင်းလမ်း ကတ္တရာခင်း

**သာပေါင်း ဒီဇင်ဘာ ၇**

သာပေါင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မှန်စီကျောင်းလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို နိုဝင်ဘာ ၂၉ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးပြည့်ဖြိုးပိုင်နှင့် ဝန်ထမ်းများက ဆောင်ရွက်ကြသည်။

ယင်းမှန်စီကျောင်းလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးအောင်ကျော်မျိုးက ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

**(မြို့နယ် စည်ပင်)**

**ပြင်ဦးလွင်မြို့ အမှတ်(၆) မန္တလေး-လားရှိုးလမ်းနေ ဗိုလ်မှူးမောင်လတ် (ငြိမ်း)-ဒေါ်နန်းယဉ်ယဉ် မိသားစု စိုးစံ လေ့ကျင့်ရေးစခန်းမှ ဒီဇင်ဘာ၅ ရက်က ပြင်ဦးလွင်မြို့ ခရိုင်ပြည်သူ့ ဆေးရုံတွင် လိုအပ်လျက်ရှိသော တန်ဖိုး ၂၂၀၀၀၀ ရှိ ချွဲစုပ်စက်တစ်လုံးကို ခရိုင်ဆရာဝန်ကြီး ဒေါက်တာဒေါ်ခင်စောဝင်းသို့ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

# ခေတ်မီဆေးဖျန်းကိရိယာဖြင့် ပိုးသတ်ဆေးဖျန်း

**နမ့်ခမ်း ဒီဇင်ဘာ ၁၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း)နမ့်ခမ်းမြို့ မြို့မဈေးကြီးအတွင်း ရေမြောင်းများသန့်ရှင်းရေးအတွက် ခေတ်မီ ဆေးဖျန်းကိရိယာဖြင့် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဒီဇင်ဘာ၄ ရက် နံနက် ၁၁ နာရီက ဆောင်ရွက်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်တိုးကကြီးကြပ်ပြီးအဖွဲ့ဝန်ထမ်းများနှင့် ဈေးသူဈေးသားများ စုပေါင်း ဆောင်ရွက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**



## သဝဏ်လွှာ ဖတ်ကြား

**(၈၄)နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားကို ကော့သောင်းမြို့ အထက (၁) မြရတနာခန်းမတွင် ဒီဇင်ဘာ၆ရက်က ကျင်းပရာနိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ပေးပို့သောသဝဏ်လွှာကို မြို့နယ် ဥက္ကဋ္ဌ ဗိုလ်ကြီး ထွန်းဟန်ဝင်းက ဖတ်ကြားစဉ်။** (၃၈၉)



# မန္တလေးတိုင်း ခရိုင်နှင့်မြို့နယ်စာရင်းရုံး ဝန်ထမ်းများ စုပေါင်းဘုံကထိန်ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၁၀**

မန္တလေးတိုင်း စာရင်းရုံးမန္တလေးခရိုင်နှင့်ခရိုင်အတွင်းရှိ မြို့နယ် စာရင်းရုံး ဝန်ထမ်းများ၏ (၁၅)ကြိမ်မြောက် စုပေါင်းဘုံကထိန်လှူဒါန်းပွဲအခမ်းအနားကို နိုဝင်ဘာ ၁၈ရက်နံနက် ၉ နာရီက စစ်ကိုင်းတောင်ရိုးမဟာသီလက္ခန္ဓချောင်၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်၍ ဆရာတော်ဘဒ္ဒန္တသဒ္ဓမ္မထံမှ ရှစ်ပါးသီလခံယူဆောက်တည်ကာ တိုင်းစာရင်းစစ်အရာရှိ ဒေါ်တိုးတိုးဝင့်က စစ်ကိုင်းတောင်ရိုး ဇေယျသိန် ပါဠိတက္ကသိုလ် ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညာသီရိထံ ကထိန်လျာ သင်္ကန်းဆက်ကပ်လှူဒါန်းပြီး ကထိန်အနုမောဒနာတရား နာယူကြသည်။ ထို့နောက် လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ **(က-ပ)**

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပဥ္စမအကြိမ် တိုင်းရင်းဆေးနှင့်ဆေးပစ္စည်းပြပွဲကို လှည့်လည်ကြည့်ရှုစစ်ဆေးအားပေး

**ရန်ကုန် ဒီဇင်ဘာ ၂၀**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော်ခန်းမ၌ ကျန်းမာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပလျက်ရှိသည့် ပဥ္စမအကြိမ် တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲကို ယနေ့နံနက်ပိုင်းတွင် လာရောက်ကြည့်ရှု စစ်ဆေးအားပေးသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ■

### နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



**ကြည့်ရှုစစ်ဆေးအားပေး**

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျန်းမာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပလျက်ရှိသည့် ပဥ္စမအကြိမ် တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲကို ကြည့်ရှုစစ်ဆေးအားပေးစဉ်။** (မြန်မာ့အလင်း)

# ပုဂံဒေသ၏ကျော်ကြားမှုသည် ကမ္ဘာသို့ပျံ့နှံ့ကာ ဝန်ဆောင်မှုလုပ်ငန်းများဖွံ့ဖြိုးလျက်ရှိ ဒေသခံပြည်သူများက နိုင်ငံတော်၏စေတနာအပေါ်နားလည်သဘောပေါက်ပြီး အလုပ်ဖြင့်တုံ့ပြန် ဟန်ချက်ညီညီလုပ်ကိုင်ဆောင်ရွက်သည်နှင့်အမျှ ပုဂံဒေသသည် ပို၍ပို၍ဖွံ့ဖြိုးတိုးတက်လာမည်

**ရန်ကုန် ဒီဇင်ဘာ ၂၀**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ဒီဇင်ဘာ ၁၉ ရက် နံနက် ၉ နာရီတွင် မန္တလေးတိုင်း ညောင်ဦးမြို့ရှိ တပ်မတော်ဧည့်ရိပ်သာ၌ ညောင်ဦးခရိုင်နှင့် ညောင်ဦးမြို့နယ်တို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံမှာကြားသည်။ *စာမျက်နှာ ၆ ကော်လံ ၁* ●



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း မန္တလေးတိုင်း ညောင်ဦးမြို့ရှိ တပ်မတော်ဧည့်ရိပ်သာ၌ ညောင်ဦးခရိုင်နှင့် ညောင်ဦးမြို့နယ်တို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံမှာကြားစဉ်။** (သတင်းစဉ်)